## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
## (၄၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
## (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့ကို နံနက် ၁၀း၄၅ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန်** ၊ ၁၀ း ၄၅ ။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၄၀) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦးရှိတဲ့အနက် ၄၀၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၁၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၆-၉-၂၀၁၂ ရက်နေ့တွင် ကျင်းပ ပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့တွင် တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၄၂၉ ဦးအနက် ခွင့်ပန်ကြားထားသည့် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားမှုအား ကျွန်တော် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ကော်မတီ ဥက္ကဋ္ဌမှ စုပေါင်းတင်ပြမှုအား ခွင့်ပြုနိုင်ပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၄၂၉ ဦးအနက် ယခင် ခွင့်ပန် ကြားထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပန်ကြားထားသူ ၆ ဦး၊ စုစုပေါင်း ၂၁ ဦးခွင့်ပန်ကြား ထားရှိပါတယ်။ ၎င်း ၆ ဦးအနက် ၁ ရက်ခွင့်ပန်ကြားထားသူ ၅ ဦး၊ ၂ ရက် ခွင့်ပန်ကြားထားသူ ၁ ဦး ဖြစ်ပါ တယ်ခင်ဗျား။ ခွင့်ပန်ကြားထားသူ အသေးစိတ်မှာတော့-

(၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ယနေ့ ခွင့် ၁ ရက်၊

(၂) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ယနေ့ ခွင့် ၁ ရက်၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ယနေ့ ခွင့် ၁ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်ကျော်ဦး ယနေ့ ခွင့် ၁ ရက်၊

(၅) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ယနေ့ ခွင့် ၁ ရက်၊

(၆) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၂ ရက်တို့ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

စုပေါင်းခွင့်ပန်ကြားမှုအား ခွင့်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြိုယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ဝ စတင်ဆောင်ရွက်ပါမယ်။

**အခြေခံပညာဦးစီးဌာနကျောင်းနှင့်ပတ်သက်၍ ပြင်ဆင်ရမည့်ကိစ္စများအား ငွေပဒေသာပင် စိုက်ထူနိုင်ရန်အတွက် အလှူရှင်များထံ အလှူငွေအဖြစ် ကောက်ခံယူခြင်းအား လုံးဝမပြုစေရန် ညွှန်ကြားချက် တစ်စုံတစ်ရာထုတ်ပြန်ထားခြင်း ရှိ၊ မရှိ၊ မိမိနယ်မြေအတွင်းရှိ ကျောင်းများအား ပြုပြင်ပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်စာနှင့်ဖြစ်စေ တင်ပြတောင်းခံခွင့်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ်မှ ဦးမြင့်သူအား မေးမြန်းဖို့ဖိတ်ခေါ်ပါ တယ်။

**ဦးမြင့်သူ(ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒုတိယဝန်ကြီးများ မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ဒီမေးခွန်းကို မေးဖို့ အင်အားတော့ မရှိတော့ပါဘူး။ ဘာကြောင့်လဲဆိုရင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ နောက်ဆုံးနေ့ လည်း ဖြစ်နေတော့ ကျွန်တော်သိချင်တဲ့ အချက် ၂ ချက်ပဲ မေးပါမယ်။ သို့သော်လည်း သိချင်တဲ့ အချက်နဲ့ ပြန်ဖြေမယ့် ပြည်ထောင်စုဝန်ကြီးကလည်း လွှတ်တော်ကိုယ်စားလှယ်တိုင်းက မေးနေတဲ့ ပညာရေးပိုင်းနှင့် ပတ်သက်လို့ အဖြေကို ကြိုပြီးတော့သိထားပါတယ်။ ဒါကြောင့်မို့ အားမရှိဘူးလို့ ကျွန်တော်ပြောတာပါ။ မေးချင်တဲ့ မေးခွန်း ၂ ခုကတော့ (၁) ပညာရေးဝန်ကြီးဌာနက ကျွန်တော်တို့ မြို့နယ်တွေမှာရှိတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေဟာ အခုအချိန်မှာ ရေဘေး သင့်လို့ ပျက်စီးဆုံးရှုံးနေတဲ့ကိစ္စတွေနှင့်ပတ်သက်လို့ တိုက်ရိုက်ပညာရေးဝန်ကြီးဌာနသို့ တောင်းခံခွင့် ရှိပါသလား။ (၂) ကျွန်တော်တို့ ကျောင်းတွေရဲ့ မိဘများဖြစ်ကြသော ကျောင်းအကျိုးတော်ဆောင်နှင့် မိဘဆရာအသင်းက အလှူငွေကောက်ခံတဲ့နေရာမှာ အထက်ဌာန ပညာရေးဌာနက ကောက်ခံခွင့်မပြု ဘူးဆိုတဲ့ အမိန့်ကို ထုတ်ပြန်ထားတာရှိပါသလားလို့ ကျွန်တော်မေးချင်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ရှိသေလေးစားပါကြောင်း ဦးစွာတင်ပြလိုပါ တယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူရဲ့

ပညာရေးဆိုင်ရာ မေးမြန်းချက်နှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအေးကြူက တင်ပြဖြေကြားမှာ ဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှု အဟန့်အတားဖြစ်စေမည့် မည်သည့်ငွေကြေး တစ်စုံတစ်ရာ ကောက်ခံမှုမျိုးမှ မပြုလုပ်ရန် ညွှန်ကြားချက် ထုတ်ပြန်ထားပါတယ်။ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် အလှူရှင်များက ပူးပေါင်း၍ ကျောင်းဆောင်ပြင်ဆင်ခြင်း၊ ကျောင်းဆောင် အသစ်တည်ဆောက်ခြင်းများကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆောင်ရွက်လျက်ရှိပါသော ကြောင့် ကျောင်းနှင့်ပတ်သက်ပြီး ပြင်ဆင်ရမည့် ကိစ္စရပ်များအား အလှူရှင်များက ငွေပဒေသာပင် စိုက်ထူလှူဒါန်းရန်ဆန္ဒရှိ၍ တင်ပြလာလျှင် လှူဒါန်းမှုကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိ တို့ နယ်မြေအတွင်းမှာရှိတဲ့ အခြေခံပညာ ကျောင်းများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းပြုလုပ် လိုပါက ပညာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်စာဖြင့် တင်ပြတောင်းခံခွင့်ရှိပါကြောင်းနှင့် ရေဘေးကြောင့် ပျက်စီးမှုများ ပြင်ဆင်ရန်အတွက် အထူးကိစ္စအနေနှင့် တိုက်ရိုက်တင်ပြမည်ဆိုလျှင် စိစစ်ပြီးတော့ အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မြန်မာ့ရုပ်သံလိုင်းများတွင် အရေးကြီးသတင်းများကို ထုတ်လွှင့်ကြေညာရာတွင် ဆွံ့အနားမကြားသူများ အတွက် အလွယ်တကူသိရှိနိုင်ရန် သင်္ကေတများထုတ်လွှင့်ပြသရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးဝင်း၊ ကျောက်တံတားမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလှမြင့်(ဒေါပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ ကိုယ်စားမေးခွန်းတစ်ခုကို မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာရုပ်သံလိုင်းတွေမှာ သတင်းများကြေညာရာမှာ ဆွံ့အနားမကြားသူတွေအတွက် အရေးကြီး သတင်းများကို အလွယ်တကူသိရှိနိုင်ရန်အတွက် တီဗွီဖန်သားပြင်ရဲ့ထောင့်မှာ သင်္ကေတများနဲ့ သရုပ် ဖော်ပြသသွားတာ တွေ့ရှိကြရပါတယ်။ မြန်မာနိုင်ငံမှထုတ်လွှင့်တဲ့ ရုပ်သံလိုင်းတွေမှာ သတင်းများ ကြေညာရာမှာ ဆွံ့အနားမကြားသူများအတွက် သင်္ကေတများ ထုတ်လွှင့်ပြသခြင်း မရှိကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ် ASEAN SEA Game သတင်းများနှင့် ၂၀၁၄ ခုနှစ် အာဆီယံအစည်းအဝေး သတင်းများကို နိုင်ငံတကာသို့ ထုတ်လွှင့်ပြသရမှာဖြစ်ပါတယ်။ သို့ပါ၍

မြန်မာ့ရုပ်သံလိုင်းများတွင် အရေကြီးသတင်းများကို ထုတ်လွှင့်ကြေညာရာ၌ ဆွံ့အနားမကြားသူများ အတွက် အလွယ်တကူသိရှိနိုင်ရန် သင်္ကေတများထုတ်လွှင့်ပြသရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။(သြဘာသံများ)

**[**ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းကိုယ်စား ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်က မေးမြန်းခြင်း ဖြစ်ပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးရဲထွဋ်(ဒုတိယဝန်ကြီး၊ ပြည်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၏ မြန်မာ့ရုပ်သံလိုင်းများတွင် အရေးကြီးသတင်းများကို ထုတ်လွှင့်ကြေညာရာ၌ ဆွံ့အနားမကြားသူများအတွက် အလွယ်တကူသိရှိနိုင်ရန် စံသင်္ကေတများဖြင့် ထုတ်လွှင့်ပြသရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းအပေါ် ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးရဲထွဋ်က ပြန်လည်တင်ပြ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း မေးမြန်းတဲ့ မေးခွန်းနှင့် သဘောသဘာဝတူတဲ့ မေးခွန်းကို လသာမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့တဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ ပြည်သူ့ လွှတ်တော်အစည်းအဝေးမှာ ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

ယခု ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း မေးမြန်းတဲ့ မြန်မာ့ရုပ်သံလိုင်းများတွင် အရေကြီးသတင်းများကို ထုတ်လွှင့်ကြေညာရာ၌ ဆွံ့အနားမကြားသူ များအတွက် အလွယ်တကူသိရှိနိုင်ရန် သင်္ကေတများဖြင့် ထုတ်လွှင့်ပြသရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ပတ်သက်ပြီး ထပ်မံတင်ပြရပါက အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ အပါအဝင် အာရှနိုင်ငံအများစုမှာတော့ စံလက်သင်္ကေတ (Sign Language) ဖြင့် ထုတ်လွှင့်ခြင်း မပြုသေး တာကို တွေ့ရပါတယ်။ ကမ္ဘာပေါ်ရှိတဲ့ နိုင်ငံအချို့မှာတော့ အရေးကြီးတဲ့သတင်းများ၊ မိန့်ခွန်းများ

ထုတ်လွှင့်နေချိန်မှာ Sign Language နည်းလမ်းဖြင့် ရုပ်မြင်သံကြားဖန်သားပြင်ရဲ့ အောက်ခြေထောင့်အကွက်ငယ်မှ တစ်ပြိုင်တည်း ထုတ်လွှင့်တာကိုလည်း လေ့လာတွေ့ရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ လူဦးရေ သန်း ၆၀ ရှိတဲ့အနက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စစ်တမ်းကောက်ယူထားသောစာရင်းများအရ နားမကြားသူဦးရေ ၁၄၀၀၀၀ ခန့်ရှိပြီး စံလက်သင်္ကေတသင်တန်းကို တက်ရောက်ပြီးသူ ၃၆၀ ကျော်သာရှိသေးကြောင်း သိရှိရပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လက်ရှိအချိန်မှာတော့ နားမကြားသောကလေးများအတွက် ပညာသင်ကျောင်း ၁ ကျောင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားတဲ့ကျောင်း ၁ ကျောင်း၊ စုစုပေါင်း ကျောင်း ၂ ကျောင်းမှာ နှစ်စဉ်ကျောင်းသူ ကျောင်းသား ၅၀၀ ကျော်တက်ရောက် သင်ကြားလျက်ရှိပြီး Sign Language အပါအဝင် ကျောင်းပညာများကို သင်ကြားပေးလျက် ရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူ့အသိုက်အဝန်းအတွင်း ဝင်ဆံ့နိုင်မှုမြှင့်တင်ရေးအတွက် စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိရာစီမံချက်အဆင့် (၁) ၂၀၀၈-၂၀၁၀ ကိုဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ စီမံချက်အဆင့်(၂) ၂၀၁၁-၂၀၁၄ ကို ဆောင်ရွက်လျက်ရှိကြောင်းနဲ့စံပြုထားတဲ့ Sign Language သင်တန်းများဆက်လက်ပို့ချပေးနေကြောင်း သိရှိရပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဆွံ့အနားမကြားသူများအတွက် လက်သင်္ကေတဖြင့် ထုတ်လွှင့်မှုအစီအစဉ် ပြုလုပ်တဲ့အချိန်မှာ အသင့်ဖြစ်စေရန်အတွက် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်း ၃ ဦးကို Sign Language သင်ကြားသည့် သင်တန်းသို့ တက်ရောက်ရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဘက်ဘက်မှ သင့်လျော်တဲ့ အခြေအနေရောက်ရှိတဲ့အချိန်မှာ နားမကြားပြည်သူများအတွက် ရုပ်သံလိုင်းမှ အရေးကြီးသတင်း၊ ပညာပေးအစီအစဉ်များ ထုတ်လွှင့်ရာမှာ Sign Language ဖြင့်ပါ ပူးတွဲ ထုတ်လွှင့်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ အစီအစဉ်ရှိကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်လေ့လာခွင့်ပြုရေးအတွက် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ညာဏ်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမန်းမောင်မောင်ဉာဏ်(ပန်းတနော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မဲဆန္ဒနယ်က ဦးမန်းမောင်မောင်ဉာဏ်ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒီကနေ့ ရက် ၄၀ ရှိပြီပေါ့လေ။ အစည်းအဝေးလုပ်တာ။ အစည်းအဝေး မလုပ်ခင်တစ်ပတ်ကြိုပြီးတော့ ကျွန်တော်တို့ မေးခွန်းတင်ထားပါတယ်။ မေးခွန်း ၄ ခုတင်ထားပါတယ်။ အခုမှပဲ ဒီမေးခွန်းက ပေါ်လာပါတယ်။ ပထမမေးခွန်းတွေကတော့ ကျွန်တော် ရှေ့ကတစ်ယောက်က မေးသွားလိုက်၊ ဖြေသွားလိုက်၊ ကျွန်တော်က ရုံးမှာသွားဖျက်လိုက်၊ နောက်တစ်ခါ နောက်တစ်ယောက် မေးလိုက်ပါသွားလိုက်ဆိုတော့ ဒီမေးခွန်းလေးက လက်ကျန်မေးခွန်းလေးဖြစ်နေတယ်။ ဒီလက်ကျန် မေးခွန်းလေးကို ကျွန်တော် ထပ်ပြီးတော့မေးပါမယ်။ ကျွန်တော်တို့ မေးခွန်းတွေကလည်း Procedure အရပြောရရင် တော်တော်ကြာတယ်။ ကျွန်တော်တို့တင်တယ်။ ကျွန်တော်တို့တင်တဲ့ဥစ္စာတွေကို ဝန်ကြီးဌာနသွားတယ်။ ဝန်ကြီးဌာနက သဘောတူမှ ပြန်လာတယ်။ ပြန်ဖြေရတယ်ဆိုတော့ Procedure တွေကတော်တော်ကြာတယ်။ ကျွန်တော်လေ့လာလို့ရသလောက် အရင်လွှတ်တော်တွေ မှာတော့ ဟိုအရင်တုန်းက ဆိုရှယ်လစ်ခေတ်မှာကော၊ ဖဆပလခေတ်မှာကော ဝန်ကြီးတွေက အကုန်လုံး လွှတ်တော်ကိုယ်စားလှယ် ဖြစ်နေတဲ့အခါမှာ ဒီလိုလွှတ်တော်ထဲမှာ အကုန်လုံးတန်းထိုင် ပြီးတော့ တန်းမေးပြီးတော့ တန်းဖြေကြတယ်။ မသိရင်လည်း ဒါမသိ သေးဘူး။ ကျွန်တော် မနက်ဖြန် ပြန်ဖြေမယ်ပေါ့။ အဲဒီတော့ လွှတ်တော်တစ်ရက်၊ တစ်ရက်ကို မေးခွန်းက အများကြီးပြီးသွားတယ်။ အဲဒီလိုရှိတယ်။ အခုကတော့ ကျွန်တော်တို့က ဟိုးကပြန်လာမှ ပြန်ဖြေရတဲ့အခါကျတော့ လွှတ်တော်မှာ မေးခွန်းတွေက ကြာကြာနေတယ်။ အဲဒီလိုဟာမျိုးတွေ တွေ့ရပါတယ်။ ပြီးတော့ ဝန်ကြီးတွေကလည်း ဟိုနေ့ကကြားလိုက်တာပေါ့လေ။ ချက်ချင်းဖြေဖို့က အခက်အခဲရှိမယ်ထင်တယ်။ ဟိုနေ့က သမ္မတရုံး ဝန်ကြီးပြောသွားတာကြားလိုက်တာကတော့ ဝန်ကြီးတွေကိုလေ့ကျင့်ပေး ရတယ်ဆိုတာ အဲဒါကြားလိုက် တယ်။ အဲဒီတော့ ကျွန်တော်တို့က ဝန်ကြီးတွေကို လေ့ကျင့်ပေးရတယ်ဆိုတော့ ကျွန်တော်စဉ်းစား တယ်။ ဒီဥစ္စာတွေက နေပြည်တော်မှာ ဝန်ကြီးလေ့ကျင့်ရေးကျောင်းများ ရှိသလားမပြောတတ်ဘူး။ အဲဒီလိုရှိနေတယ်။ မေးခွန်းတွေကလည်း ကြာနေတယ်။ အဲဒီလိုဖြစ်တယ်။ ဒါကြောင့်မို့လို့ မေးခွန်းတွေ လည်းမကြာရအောင် ထိထိရောက်ရောက်လည်းဖြစ်အောင် နည်းလမ်းတွေကို ကျွန်တော်တို့က စဉ်းစားရမယ်ထင်တယ်။ ပြီးတဲ့အခါကျတော့ ဒီကနေ့မှာ ကျွန်တော်တို့ လွှတ်တော်နှင့်ပတ်သက်ပြီး တော့ လူတွေအများကြီးစိတ်ဝင်စားတယ်။ တော်တော်စိတ်ဝင်စားတယ်။ နည်းနည်းနောနော မဟုတ်ဘူး။ ကျွန်တော်တို့ ဒီကပြန်သွားပြီဆိုရင် နယ်ကတယ်လီဖုန်းတွေက ဟိုကဝင်၊ ဒီကဝင်နဲ့

ကျွန်တော်တို့မသိတာတွေတောင် သူတို့ကပြောပြသေးတယ်။ Agenda တစ်ခုမှာ ဥက္ကဋ္ဌကြီးက တုန်းနှစ်ချက်ခေါက်သွားတယ်တဲ့။ တို့မသိလိုက်ပါလားကွ။ ဘာဥစ္စာလဲ။ တုန်း ဘယ်နှစ်ခါခေါက်သွားတာလဲ။ မဟုတ်ဘူးတဲ့။ ခေါက်သွားတယ်တဲ့။ နှစ်ခါခေါက်သွားတယ်တဲ့။ အဲဒီလို တောင်ကျွန်တော်တို့လွှတ်တော်အပေါ်မှာ စိတ်ဝင်စားကြပါတယ်။ အဲဒီတော့ ဒီလိုစိတ်ဝင်စားတဲ့အတွက်ကြောင့် ကျွန်တော်တို့မေးတာတွေ၊ ဖြေတာတွေ၊ ကိစ္စတွေက မြန်မြန်လေးနဲ့ သွက်သွက်လေးပြီးသွားတယ်ဆိုရင် ကျွန်တော်တို့ ခရီးပေါက်သွားမယ်။ မေးတာတွေလည်း ခရီးပေါက်သွားမယ်။ ဖြေတာတွေလည်းခရီးပေါက်သွားမယ်။ အဆိုတွေလည်း ခရီးပေါက်သွားမယ်။ ပြည်ထောင်စုအစိုးရကို အကြံဉာဏ်ပေးတာတွေ၊ တိုက်တွန်းတာတွေလည်း ခရီးပေါက်သွားမယ်။ အဲဒီလို ခရီးပေါက်ဖို့ လိုအပ်ပါမယ်။ ကျွန်တော့်မေးခွန်းအနေနဲ့ကတော့ ကျွန်တော်က ဖြစ်စေချင်တာပါ။ ဘာဖြစ်လိုလဲဆိုတော့ လူတွေလည်းစိတ်ဝင်စားတယ်။ အကုန်လုံးလည်း ကျွန်တော်တို့လွှတ်တော်ကြီးကို အမွေဆက်ခံမယ့်လူတွေလည်း ကျွန်တော်တို့ကသိစေချင်တယ်။ အဲဒီလိုပေါ့လေ။ ဒါကြောင့်မို့လို့ ကျွန်တော့်မေးခွန်းမှာကတော့ ယခုအချိန်မှာ မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီပါလီမန်ကျင့်သုံးနေသော ကာလဖြစ်ပါ သည်။ သို့ရာတွင် တချို့ပါတီများက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်သကဲ့သို့ တချို့ ပါတီ များက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှာ ပါဝင်မှုမရှိသေးတာကို တွေ့ရပါတယ်။ ပါတီအားလုံးရဲ့ ပြည်သူ့လွှတ်တော် လုပ်ရပ်အပေါ်မှာ အသိအမြင် ထင်သာမြင်သာရှိရန်လည်း လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များတက်ရောက်လေ့လာခွင့်ပြုဖို့ဆိုပြီးတော့ ကျွန်တော်အကြံပြုထားတာဖြစ်ပါတယ်။ မေးမြန်းထားတာဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာတာဝန်ရှိသူမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ ပန်းတနော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမောင်မောင်ဉာဏ်ရဲ့မေးခွန်းဖြစ်တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်

လေ့လာခွင့်ပြုရေးအတွက် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီကိုယ်စား ဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တွေက ကျင်းပတဲ့ အစည်းအဝေးများကို တက်ရောက်ဖို့ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက စိတ်ဝင်စားမှုရှိတဲ့အတွက်လည်းပဲ ကျွန်တော်တို့အနေနဲ့ ကြိုဆိုပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကျင်းပတဲ့အစည်းအဝေးတွေကို နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ တက်ရောက်လေ့လာမယ်ဆိုပါက လွှတ်တော်များမှ ခွင့်ပြုပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ တက်ရောက်လေ့လာမယ်ဆိုပါက သက်ဆိုင်ရာလွှတ်တော်ရုံးသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနှင့်အညီ တက်ရောက်လေ့လာနိုင်ကြပါတယ်။ နိုင်ငံရေးပါတီများသာမကပါဘူး။ အခြားသော အဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများ၊ သင်တန်းသူသင်တန်းသားများလည်းပဲ လွှတ်တော်အစည်းအဝေးများကျင်းပတဲ့ အစည်းအဝေးများမှာ တက်ရောက်လေ့လာမယ်ဆိုရင်လည်းပဲ အလားတူပဲ ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်လေ့လာနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

(သြဘာသံများ)

**အစိုးရသတင်းစာများ၊ Internet Website တို့မှ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ဝေဖန်တိုက်ခိုက်နေမှုများနှင့် ပတ်သက်၍ လွှတ်တော်မှ တုံ့ပြန်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာက အစိုးရသတင်းစာများ၊ Internet Website တို့မှ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ဝေဖန်တိုက်ခိုက်နေမှုများနှင့် ပတ်သက်၍ လွှတ်တော်မှ တုံ့ပြန်ဆောင်ရွက်နေမှုများနှင့် ဆက်စပ်နေသည့်မေးခွန်းများ မေးမှာဖြစ်ပါတယ်ခင်ဗျား။ ယခုအခါတွင် လွှတ်တော်အသီးသီး၌ ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များအား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု အခြေခံဥပဒေခုံရုံးက သတ်မှတ်ချက်နှင့်စပ်လျဉ်း၍

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များအပေါ် အစိုးရသတင်းစာများ၊ Internet Website တို့မှနေ၍ လွှတ်တော်ကိုယ်စားလှယ်များအပေါ်ဝေဖန်တိုက်ခိုက်နေသည်ကို တွေ့ရှိနေရပါသည်။ အဆိုပါတိုက်ခိုက်မှုများသည် လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များဘက်မှ ထိရောက်သော တန်ပြန်ဖြေရှင်းမှုများ ဆောင်ရွက်ပြုလုပ်ခြင်းကို မတွေ့ရှိရသေးပါ။ လွှတ်တော်ကိုယ်စားလှယ်များ၏ တန်ပြန်ဆောင်ရွက်မှုများကို အစိုးရသတင်းစာများတွင် ဖော်ပြမှုများကိုလည်း မတွေ့ရှိရသေးပါ။ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်နေမှုများအပေါ် ပြည်သူတွေ၏အမြင်ကြည်လင်ရှင်းလင်းဖို့လိုအပ်ပါသည်။ ထို့ကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါသည်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များအား ပြည်ထောင်စုအဆင့် သတ်မှတ်လိုခြင်းသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုဝန်ကြီးအဆင့် ခံစားခွင့်၊ ရပိုင်ခွင့်များကို ရယူလိုသောကြောင့်ဖြစ်သည်ဟု ပြောဆိုနေကြပါသည်။ ထို့အတွက်ကြောင့် ပထမမေးမြန်းလိုသော မေးခွန်းမှာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုဝန်ကြီးအဆင့် ခံစားခွင့်၊ ရပိုင်ခွင့်များတောင်းခံခဲ့ခြင်းရှိ/မရှိ သိရှိလိုပါသည်။ မရှိပါက မရှိကြောင်း တုံ့ပြန်ဖြေရှင်းပေးစေလိုပါသည်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)အရ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဥပဒေပြုရေးအဖွဲ့အစည်း အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းပြုရန် ပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စုလွှတ်တော်ရေးရာကော်မတီများ၊ ကော်မရှင်များကို အဆိုပါ အပြန်အလှန် ထိန်းကျောင်းခြင်းလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စား ဆောင်ရွက်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဒုတိယမေးခွန်းအဖြစ်မေးမြန်းလိုသည်မှာ ပြည်ထောင်စုလွှတ်တော်ရေးရာကော်မတီများ၊ ကော်မရှင်များသည် ဝန်ကြီးဌာနလုပ်ငန်းများကို ဝင်ရောက်စွက်ဖက်သကဲ့သို့ ဆောင်ရွက်နေခြင်းရှိ/မရှိ သိရှိလိုပါသည်။ ဆောင်ရွက်နေခြင်းမရှိပါက မည်ကဲ့သို့ဆောင်ရွက်လျက်ရှိနေကြောင်းကို ရှင်းလင်းစွာသိရှိလိုပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးခွန်းအဖြစ်မေးမြန်းလိုသည်မှာ ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ သန်း ၆၀ အတွက် ကိုယ်စားပြုထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ယခုအချိန်အခါတွင် လွှတ်တော်များနှင့်

လွှတ်တော် ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကျဆင်းအောင် နည်းမျိုးစုံဖြင့်တိုက်ခိုက်နေခြင်းသည် ပြည်သူလူထု ကိုစော်ကားတိုက်ခိုက်နေခြင်းဖြစ်ကြောင်း သိရှိပါသလား။ သိရှိပါက ယင်းကဲ့သို့ ဆောင်ရွက်နေမှုများအပေါ် လွှတ်တော်က မည်ကဲ့သို့ သဘောထားသည်ကို သိရှိလိုပါသည်။ ယခုအချိန်သည် မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်နေသည့်ကာလ ဖြစ်ပါသည်။ ထိုသို့ တည်ဆောက်နေသည့်အခါ ဒီမိုကရေစီကျင့်စဉ်ဖြင့် မှန်ကန်စွာ အကောင်အထည် ဖော်တည်ဆောက်သွားရန် လိုအပ်ပါသည်။ အမှန်တကယ် တည်ဆောက်မည်ဆိုပါက လွှတ်တော်များ၏ ကဏ္ဍကို ပီပြင်စွာဆောင်ရွက်နိုင်ပါမှ ဒီမိုကရေစီစနစ်ပီပြင်စွာဖြစ်ထွန်းမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကမည်ကဲ့သို့ သဘောထားရှိသည်ကို သိရှိလိုပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီကပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအား မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်မေးမြန်းတဲ့ မေးခွန်းများကို ပြည်သူ့ လွှတ်တော် အခွင့်အရေးကော်မတီကိုယ်စား ဖြေကြားပါမယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုဝန်ကြီး အဆင့် ခံစားခွင့်၊ ရပိုင်ခွင့်များ တောင်းခံခဲ့ခြင်းရှိ၊မရှိသိရှိလိုပါသည်။ မရှိပါက မရှိကြောင်း တုံ့ပြန်ဖြေရှင်းစေလိုပါသည် ဆိုသည့်မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်အထိ မည်သည့်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးတစ်ယောက်ကမှ ပြည်ထောင်စုဝန်ကြီး အဆင့် ခံစားခွင့်၊ ရပိုင်ခွင့်များကို တောင်းခံခဲ့ခြင်း မရှိပါကြောင်း ပြည်သူ့လွှတ်တော် အခွင့်အရေး ကော်မတီကိုယ်စား ဖြေကြားအပ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိရဲ့ကိုယ်ကျိုး ကိုမငဲ့ဘဲနဲ့ ပြည်သူ့လွှတ်တော်အတွင်းမှာ နိုင်ငံအကျိုး၊ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးကို ဥပဒေ ပြုရေးလုပ်ငန်းများနှင့်အတူ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြန် အလှန်ထိန်းကျောင်းရေးလုပ်ငန်းတွေကို ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများလက်ကိုင်မထားဘဲ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ ကိုယ်စားလှယ်များ ရပိုင်ခွင့်ရှိတဲ့ လွှတ်တော်အခွင့်အရေးများကိုသာ လွှတ်တော်က ခွင့်ပြုပေးအပ်ထားတဲ့အတိုင်း ရယူပြီး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြခြင်းဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရရှိသည့် ခံစားခွင့်တွေကို ရရှိလိုတာကြောင့် ပြည်ထောင်စုအဆင့်ကို သတ်မှတ်တောင်းဆို နေကြတာမဟုတ်ပါဘူး။ လွှတ်တော်များက ဖွဲ့စည်းတဲ့ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တွေအနေနဲ့ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်း ပြုရာမှာ ဒီကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တွေရဲ့ အဆင့်အတန်းဟာ ပြည်ထောင်စုအဆင့်ရှိမှသာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့တွေနဲ့ တန်းတူရည်တူ အပြန်အလှန်ထိန်းကျောင်းမှုတွေ ဆောင်ရွက်နိုင်ကြမှာဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ဖြစ်တယ်လို့ သတ်မှတ်လိုတာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစတီဖန်ရဲ့ ပထမမေးခွန်းကို ဖြေကြားရင်း လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားပြုထားတဲ့ သန်း ၆၀ သော ပြည်သူအပေါင်းကို အမြင်ရှင်းလင်းစေရန်အတွက် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ရေးရာ ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များသည် ဝန်ကြီးဌာနလုပ်ငန်းများကို ဝင်ရောက်စွက်ဖက်သကဲ့သို့ ဆောင်ရွက် နေခြင်းရှိမရှိကို သိရှိလိုပါသည်။ ဆောင်ရွက်နေခြင်းမရှိပါက မည်ကဲ့သို့ဆောင်ရွက်လျက်ရှိ နေကြောင်းကို ရှင်းလင်းစွာသိရှိလိုပါသည်ဆိုတဲ့မေးခွန်းကို ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ရေးရာကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များဟာ ဝန်ကြီးဌာနလုပ်ငန်းများကို ဝင်ရောက်စွက်ဖက်သကဲ့သို့ဆောင်ရွက်နေမှုများမရှိပါကြောင်းနှင့် ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ချက်များလည်းမရှိပါကြောင်း လွှတ်တော်အခွင့်အရေး ကော်မတီကိုယ်စား ဖြေကြားအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ရေးရာကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များရဲ့ တာဝန်ပေးအပ်ချက်များအရ ဝန်ကြီးဌာနများ နှင့်အတူ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းပြီး စောင့်ကြည့်ထိန်းညှိတဲ့လုပ်ငန်းတွေကို ဆောင်ရွက်

နေကြတာဖြစ်ပါတယ်။ လိုအပ်တဲ့ ဥပဒေများပြဋ္ဌာန်းနိုင်ရေးအတွက် ပါဝင်သင့်တဲ့ ပြဋ္ဌာန်းချက်များ စုံလင်စွာပါရှိနိုင်ရေးအတွက် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီကျင့်စဉ်အရ ဆောင်ရွက်နေကြခြင်းပဲဖြစ်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း အချင်းချင်း တန်းတူရည်တူ အပြန်အလှန် နားလည်ယုံကြည်မှုရှိရှိနှင့် ဆောင်ရွက်နိုင်ကြဖို့ အထူးလိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တစ်တွေဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေကြတာဟာ သက်တမ်းနုပါသေးတယ်။ အတွေ့အကြုံလည်းနည်းပါသေးတယ်။ ဒီမိုကရေစီကျင့်စဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့အားလုံးဟာ စွမ်းဆောင်နိုင်မှုမြင့်မားဖို့ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာသည်နှင့်အတူ အပြန်အလှန်ထိန်းကျောင်းမှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမယ့်စနစ်နဲ့ လုပ်ငန်းတွေကို ပီပီပြင်ပြင်ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။ အချင်းချင်းအပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှုတွေ တည်ဆောက်ပြီး နိုင်ငံအကျိုး၊ တိုင်းပြည်အကျိုး၊ ပြည်သူတွေရဲ့အကျိုးနဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ဖြစ်ထွန်းတည်မြဲစေဖို့အတွက် ကျွန်တော်တို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အုပ်ချုပ်ရေးအဖွဲ့များဟာ လွှတ်တော်များက ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့်အညီ လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် စောင့်ကြည့်ထိန်းညှိပေးရမှာ ဖြစ်ပါတယ်။ အလားတူပါပဲ ပြည်သူတွေရဲ့ဘဏ္ဍာငွေများနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းများ၊ စီမံကိန်းများကို ဝန်ကြီးဌာနများက အကောင်အထည်ဖော်ရာမှာ လေလွင့်ဆုံးရှုံးမှုတွေ နည်းပါးစေရေးအတွက် လွှတ်တော်ကော်မတီများက စောင့်ကြည့်ထိန်းညှိပေးရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ကော်မတီတွေက ဆောင်ရွက်နေခြင်းသာဖြစ်ပြီး ဝန်ကြီးဌာနများရဲ့ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းများကို ဝင်ရောက်စွက်ဖက်နေခြင်းမဟုတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကျဆင်းအောင် နည်းမျိုးစုံဖြင့်တိုက်ခိုက်နေခြင်းသည် ပြည်သူလူထုကို စော်ကားတိုက်ခိုက်နေခြင်းဖြစ်ကြောင်း သိရှိပါသလား။ သိရှိပါက ယင်းကဲ့သို့ ဆောင်ရွက်နေမှုများအပေါ် လွှတ်တော်က မည်ကဲ့သို့ သဘောထားသည်ဆိုတဲ့ မေးခွန်းကို ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ လွှတ်တော်များက ဥပဒေနှင့်အညီ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေရဲ့ အဖြစ်မှန်အချက်အလက်တွေပေါ်မှာ ထင်ရောင်ထင်မှားဖြစ်နေစေနိုင်တဲ့ ဝေဖန်သုံးသပ်မှုတွေ၊ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာကို ကျဆင်းစေတဲ့ ဖော်ပြချက်တွေ၊ ဝေဖန်သုံးသပ်မှုတွေ၊ လွှတ်တော်

ကိုယ်စားလှယ်များက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တွေခံစားရသလို ခံစားခွင့်တွေလိုချင်နေတဲ့ ပုံစံမျိုးတွေနဲ့ နိုင်ငံပိုင်သတင်းစာများ၊ သတင်းမီဒီယာများ၊ Internet Website များက တစ်ဖက်သတ်ဝေဖန်တိုက်ခိုက်မှုတွေကို ပြည်ထောင်စုလွှတ်တော်တစ်ရပ်လုံးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သိရှိနားလည် သဘောပေါက်လျက်ရှိပါကြောင်း လွှတ်တော်အခွင့်အရေးကော်မတီကိုယ်စား ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို ရေးသားဖော်ပြနေကြတာဟာ ပြည်သူများနှင့်လွှတ်တော်များအကြားပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအကြား အထင်အမြင်လွဲမှားမှုတွေ ပေါ်ပေါက်စေဖို့ရည်ရွယ်ချက်ထားပြီး ရေးသားဖော်ပြတိုက်ခိုက်နေကြတာဖြစ်ပါတယ်။ လွှတ်တော်များရဲ့ကဏ္ဍဟာဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ အဓိကမဏ္ဍိုင်ကြီးတစ်ခုဖြစ်ပါတယ်။ လွှတ်တော်များရဲ့ ဂုဏ်သိက္ခာကိုကျဆင်းအောင်ဆောင်ရွက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ ဂုဏ်သိက္ခာကိုကျဆင်းအောင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောထား ထားရှိပါကြောင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်များဟာ ပြည်သူသန်း ၆၀ ကို ကိုယ်စားပြုထားတဲ့လွှတ်တော်များဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ကျဆင်းအောင်နည်းမျိုးစုံနှင့် တိုက်ခိုက်နေခြင်းသည် ပြည်သူလူထုကို စော်ကားတိုက်ခိုက်နေခြင်းဖြစ်ကြောင်းလွှတ်တော်ကသဘောထားပါကြောင်း တင်ပြလိုပါတယ်။ လွှတ်တော်နည်းတူ သန်း ၆၀ သော ပြည်သူအပေါင်းတို့ကလည်း နားလည်သဘောပေါက်နေကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုလုပ်ဆောင်မှုတွေအတွက် ပြည်သူ သန်း ၆၀ ရဲ့ ဒဏ်ခတ်ခြင်းကို ခံကြရမှာဖြစ်ကြောင်း လွှတ်တော်ရဲ့သဘောထားကိုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးမေးခွန်းဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် အမှန်တကယ်တည်ထောင်မည်ဆိုပါက လွှတ်တော်များရဲ့ကဏ္ဍကိုပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါမှဒီမိုကရေစီစနစ် ပီပြင်စွာဖြစ်ထွန်းမည်ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကမည်ကဲ့သို့သဘောထားရှိသည်ကို သိရှိလိုပါတယ်ဆိုတဲ့မေးခွန်းကို ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တစ်တွေဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေကြတဲ့ အချိန်အခါဖြစ်ပါတယ်။ ဒီအချိန်အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းအတည်ပြုခဲ့ပြီး လွှတ်တော်များကိုဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းတည်မြဲဖို့ လွှတ်တော်များကလိုအပ်တဲ့ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးပြီး ယင်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြမှသာ

နိုင်ငံတော်သစ်ဟာ ဖြစ်ထွန်းတည်မြဲမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီကျင့်စဉ်ဖြင့် နိုင်ငံတော်သစ်ကိုအမှန်တကယ်တည်ဆောက်လိုပါသလား။ သို့မဟုတ် ဟန်ပြတည်ဆောက်လိုပါသလား။ ဒီအချက်တွေကို ဝေဖန်သုံးသပ်ဖို့ ပြည်ထောင်စုလွှတ်တော်အနေနဲ့ သဘောထားရှိကြောင်း လွှတ်တော်အခွင့်အရေးကော်မတီကိုယ်စား ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံတော်သစ်ကို အမှန်တကယ်တည်ဆောက်လိုပါက လွှတ်တော်များရဲ့ ကဏ္ဍကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များကို ပြည်ထောင်စုအဆင့် အဖြစ် အသိအမှတ်ပြုလက်ခံပေးဖို့ လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုသတ်မှတ်ပေးမှသာ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် ဥပဒေပြုရေးကဏ္ဍတို့က အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှု (Check and Balance) လုပ်ငန်းတွေကို တန်းတူရည်တူညီနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပြီး ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို ဖွံ့ဖြိုးတည်မြဲအောင် တည်ဆောက်နိုင်မှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုလို ဖြေကြားတဲ့နေရာမှာ လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့လည်း ထပ်ဆင့်ပြီးတော့ ပြောစရာလေးပေါ်ပေါက်လာပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ဒေါက်တာစိုးရင်ပြောတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်များက ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် ပြည်ထောင်စုအဆင့်ဖြစ်ကြောင်း တောင်းဆိုနေတယ်ဆိုတဲ့ အဓိပ္ပာယ် သဘောထားပြည်သူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ လွဲမှားစွာ ခံယူသွားမှာလည်း မိမိစိုးရိမ်ပါတယ်။ လွှတ်တော်များက ဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်နဲ့အဖွဲ့များသည် ပြည်ထောင်စုအဆင့်ဖြစ်သည်ဆိုတဲ့ ဥပဒေပြဋ္ဌာန်းချက်ဟာ သက်ဆိုင်ရာ လွှတ်တော် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များရဲ့ ဥပဒေထဲမှာပါရှိပြီးဖြစ်ပါတယ်။ ရှိပြီးသား၊ သတ်မှတ်ပြီးသား၊ ဥပဒေပြဋ္ဌာန်းပြီးသားဖြစ်တဲ့ ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် ပြည်ထောင်စုအဆင့်မဟုတ်ပါဘူးဆိုတဲ့ ပြောဆိုမှု၊ ဆုံးဖြတ်မှုများဟာ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေး လွှတ်တော်များဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မှာမဟုတ်တဲ့အတွက် လွှတ်တော်များက မိမိတို့ရဲ့ မူလပြဋ္ဌာန်းထားတဲ့ သတ်မှတ်ထားတဲ့ ဥပဒေပါအချက်များကို ဒီလိုရှိတယ်ဆိုတာကို မသိတဲ့လူတွေသိအောင် ပြောနေခြင်းဖြစ်တယ်

ဆိုရင်ပိုပြီးတော့ မှန်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်မို့လို့ မေးတဲ့ မေးခွန်းရှင်ကိုရော၊ ဖြေကြားတဲ့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အတွင်းရေးမှူးကိုလည်း ကျေးဇူးတင်ပါတယ်။ ထိုနည်းတူစွာပဲ ဒီနေ့ လွှတ်တော်အစည်းအဝေးကို တက်ရောက်လာတဲ့ ပြည်ထောင်စု ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအနေနဲ့လည်း ဒီနေ့မေးတဲ့အမေး၊ ဒီနေ့ဖြေတဲ့အဖြေတွေကို မနေ့ကလိုပဲ စုံစုံစေ့စေ့ သတင်းမီဒီယာများမှာ ထည့်ဖော်ပြပေးဖို့ လွှတ်တော်မှတစ်ဆင့်တိုက်တွန်းပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သော ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်အားလုံးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မခွဲငယ်(၅) တို့အရ စွပ်စွဲပြစ်တင်ရန် ဆုံးဖြတ်ချမှတ်ခဲ့သော အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ နှင့် ပုဒ်မ ၃၃၄ တို့အရ ဆက်လက်အရေးယူဆောင်ရွက်ရန်အတွက် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ နှင့် ပုဒ်မ ၃၃၄ တို့အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၂၉-၈-၂၀၁၂ ရက်နေ့တွင် အဖွဲ့ဝင် ၁၅ ဦးပါသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုများကို ၅-၉-၂၀၁၂ ရက်နေ့အပြီး စစ်ဆေး၍ တွေ့ရှိချက်အစီရင်ခံစာကို ဆောလျင်စွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပြန်လည်တင်ပြရန်လည်း လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖိတ်ခေါ်ပါတယ်။

**ဦးငွန်မောင်း(အဖွဲ့ဝင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ဦးငွန်မောင်း ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပေးတဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ အစီရင်ခံစာကို ကျွန်တော်က စတင်ပြီးတော့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာတွင် စာပိုဒ် ၂၉ ပိုဒ် ပါရှိပါတယ်။ စာပိုဒ် ၁ မှ ၁၄ အထိ ဖတ်ကြား တင်သွင်းပြီး ကျန်စာပိုဒ်များဖြစ်တဲ့ ၁၅ မှ ၂၉ အထိကို စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ဦးဝင်းမြင့်မှ တင်သွင်းဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် စတင်ပြီးတော့ ဖတ်ကြားပါမယ်။

## စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာ

အခွင့်အာဏာ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ၂၉ - ၈ - ၂၀၁၂ ရက်စွဲပါ အမိန့်အမှတ် (၁/၂၀၁၂) အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| ဦးနန္ဒကျော်စွာ | ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ<br>ဒဂုံမဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| ဦးတီခွန်မြတ် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ကွတ်ခိုင်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| သူရဦးအောင်ကို | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ကန်ပက်လက်မဲဆန္ဒနယ်၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| ဒေါက်တာစိုးရင် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ကမာရွတ်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| ဦးသောင်း | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>မော်လိုက်မဲဆန္ဒနယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| ဦးဝင်းထိန် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>မိတ္ထီလာမဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |

| | | |
|---|---|---|
| ဦးဝင်းမြင့် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ပုသိမ်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| ဒေါ်ဒွဲဘူ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>အင်ဂျန်းယန်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| ဦးငွန်မောင်း | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ဟားခါးမဲဆန္ဒနယ်၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| ဒေါ်နန်းဝါနု | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ကွန်ဟိန်းမဲဆန္ဒနယ်၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| ဦးဘရှိန် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ကျောက်ဖြူမဲဆန္ဒနယ်၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| ဒေါ်မိမြင့်သန်း | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ရေးမဲဆန္ဒနယ်၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| ဒေါ်နန်းစေအွာ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ဘားအံမဲဆန္ဒနယ်၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| ဒေါ်တင်နွယ်ဦး | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်၊ ရန်ကုန်တိုင်း<br>ဒေသကြီး | အဖွဲ့ဝင် |
| ဦးစိုးဝင်း | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>စမ်းချောင်းမဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |

၂။ ၃ - ၉ - ၂၀၁၂ ရက်စွဲပါအမိန့်အမှတ် (၂/၂၀၁၂) အရ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအစား ဦးသိန်းဆွေ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အမ်းမဲဆန္ဒနယ် အဖြစ် အစားထိုးခန့်ထားခဲ့ပါသည်။

စွပ်စွဲခံရသူများ

၃။ စွပ်စွဲခံရသူများမှာ အောက်ပါအတိုင်းဖြစ်သည်-

| | |
|---|---|
| ဦးသိန်းစိုး | ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ဒေါက်တာတင်အောင်အေး | အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ဒေါ်ခင်လှမြင့် | အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |

| | |
|---|---|
| ဦးစိုးသိန်း | အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ဦးထွန်းကြည် | အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ဦးခင်ထွန်း | အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ဦးမြင့်ကြိုင် | အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ဒေါ်မိမိရီ | အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ဦးဆန်းမြင့် | အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |

အမှုအကြောင်းအရာအကျဉ်းချုပ်

၄။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် လွှတ်တော်အသီးသီး၏ဥပဒေတွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်း အဓိပ္ပာယ်ဖွင့်ဆိုချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာတင်သွင်းဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သဖြင့် ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုရှေ့နေချုပ်သို့ လိပ်မူပေးပို့ခဲ့ပါသည်။ ယင်းစာအပေါ် ပြည်ထောင်စုရှေ့နေချုပ်က လွှတ်တော်အသီးသီးကဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားသော အခွင့်အာဏာဖြင့် ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် အကျုံးဝင်ခြင်း ရှိ၊ မရှိ အဆုံးအဖြတ်ချမှတ်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ (က) နှင့် ပုဒ်မ ၃၂၅(က) တို့အရ တင်သွင်းအပ်ပါကြောင်းဟုပါရှိပြီး ယင်းတင်သွင်းလွှာကို အမိန့်အရဟု ဖော်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်က လက်မှတ်ရေးထိုးကာ ၂-၂-၂၀၁၂ နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခြင်းဖြစ်ပါသည်။ အဆိုပါ တင်သွင်းလွှာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက တင်သွင်းလွှာအမှတ် (၁/၂၀၁၂) အဖြစ် သတ်မှတ်လက်ခံခဲ့ပါသည်။

၅။ တင်သွင်းလွှာအမှတ် (၁/၂၀၁၂) တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ရှင်းလင်း ရမည့်သူအဖြစ် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့အားသတ်မှတ်ပြီး ၁၇-၂-၂၀၁၂ နေ့အတွင်း ရှင်းလင်းလွှာတင်သွင်းရန် အကြောင်း

ကြားခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ၁၇-၂-၂၀၁၂ ရက်နေ့တွင် ရှင်းလင်းချေပလွှာများ တင်သွင်းခဲ့ကြပါသည်။ ယင်းကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအားလည်းကောင်း တာဝန်ပေးအပ်ခဲ့သဖြင့် ၂၄-၂-၂၀၁၂ နေ့တွင် ဦးနန္ဒကျော်စွာကိုယ်တိုင် ပြည်သူ့လွှတ်တော်ကိုယ်စား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရှေ့မှောက်တွင် ရှင်းလင်းလျှောက်လဲချက် တင်သွင်းခဲ့ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ တင်သွင်းလွှာအမှတ် (၁/၂၀၁၂) တွင် လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၂၈-၃-၂၀၁၂ နေ့၌ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၈- ၃-၂၀၁၂ ရက်နေ့ ဆုံးဖြတ်ချက်အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသဖြင့် စွပ်စွဲပြစ်တင်ရန် ကိုယ်စားလှယ် ၁၉၁ ဦးလက်မှတ်ရေးထိုးပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင်တင်ပြရန် ကြိုးစားကြပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းကိစ္စဆောင်ရွက်မည့်အပေါ် ခေတ္တသည်းခံစောင့်ဆိုင်းကြရန် မေတ္တာရပ်ခံခဲ့ပါသည်။ ယခုကိစ္စကို အေးအေးချမ်းချမ်းနှင့် ပြေပြေလည်လည်ဖြစ်စေရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် နိုင်ငံတော်သမ္မတနှင့်အကြိမ်ကြိမ် ကြိုးစားညှိနှိုင်းခဲ့ပါသော်လည်း အောင်မြင်မှုမရရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတော်သမ္မတထံ ၁၄-၈-၂၀၁၂ နေ့တွင် သဝဏ်လွှာပေးပို့ခဲ့ပါသည်။ သဝဏ်လွှာတွင် ယခုကိစ္စအတွက် ဆောင်ရွက်ရန် နည်းလမ်းနှစ်ရပ်ကို ဖော်ပြခဲ့ပါသည်။ ပထမနည်းလမ်းမှာ တင်သွင်းလွှာကို ရုပ်သိမ်းပေးရန်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရာထူးတာဝန်မှ နုတ်ထွက်ပေးရန်ဖြစ်ပြီး၊ ဒုတိယနည်းလမ်းမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပေါ် လွှတ်တော်က စွပ်စွဲပြစ်တင်ရန် အစီအစဉ်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

၆။ နိုင်ငံတော်သမ္မတက ၂၀-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ သဝဏ်လွှာ ပြန်လည်ပေးပို့ခဲ့ပါသည်။ နိုင်ငံတော်သမ္မတ၏သဝဏ်လွှာတွင် လွှတ်တော်အသီးသီးက ဖွဲ့စည်းထား

သည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့သည် ပြည်ထောင်စုအဆင့်ဖြစ်လာပါက ငွေကြေးကိစ္စနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် အစိုးရအဖွဲ့တွင် တာဝန်ရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တာဝန်မှအနားယူစေရေးအတွက် နိုင်ငံတော်သမ္မတက ဆောင်ရွက်မည်ဆိုလျှင် ဥပဒေနှင့်ညီညွတ်မည် မဟုတ်ကြောင်း၊ ယခုကိစ္စအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂) တွင် ဖော်ပြထားသည့် အခွင့်အရေးကို လွှတ်တော်က သုံးစွဲမည် ဆိုပါက သင့်လျော်မည်ဖြစ်ကြောင်း၊ ဤအဖွဲ့အစည်းနှစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ် ထားသည့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများဖြစ်ပါသဖြင့် မိမိတို့ဆန္ဒအရ ကြိုက်နှစ်သက်သည့် နိုင်ငံရေးလမ်းကြောင်းကို ရွေးချယ်ခွင့်ရှိကြောင်း ဖော်ပြပေးပို့ခဲ့ပါသည်။ ယင်းသဝဏ်လွှာအရလည်း ညှိနှိုင်းပြေလည်မှုမရရှိခဲ့ပါ။ ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၃၀၁ ဦးက လက်မှတ်ရေးထိုးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးအား စွပ်စွဲပြစ်တင်ရန် အဆိုတင်သွင်းမည်ဖြစ်ကြောင်း တင်ပြကြပါသည်။ သို့သော် ပြည်သူ့လွှတ်တော်က စွပ်စွဲပြစ်တင်ခြင်း မဆောင်ရွက်မီ ၂၈-၈-၂၀၁၂ နေ့တွင် အမျိုးသားလွှတ်တော်၌ စွပ်စွဲပြစ်တင်ခြင်း အဆိုစတင်ခဲ့ပါသည်။

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်းတို့ဖြစ်ပါသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် အားလုံးအား ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၏ (၃၄) ရက်မြောက်နေ့ တွင် စွပ်စွဲပြစ်တင်ခြင်းကို လွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံကျော်၏ ထောက်ခံမှုဖြင့် ဆုံးဖြတ်ခဲ့ ပါသည်။ ယင်းစွပ်စွဲချက်အား ပြည်သူ့လွှတ်တော်ကအဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးနိုင်ရန် အမျိုးသား လွှတ်တော်က ၂၉-၈-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁၄/အမ(စည်းဝေး-၁)၂/၂၀၁၂-၁၅(၄) ဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ အောက်ပါစွဲချက်နှစ်ရပ်ဖြင့် ပေးပို့လာခြင်းဖြစ်ပါသည်။ စွဲချက်(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စွဲချက်(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၅) အရ ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက် ခြင်း။

စစ်ဆေးတွေ့ရှိချက်

၈။ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုရှိ၊ မရှိကိစ္စကို အမှုအဖြစ်စတင်တင်သွင်းသူမှာ နိုင်ငံတော်သမ္မတ ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅(က) အရ အမှုကိစ္စကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းရမည့်သူ ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းသော တင်သွင်းလွှာတွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထားခြင်းမရှိဘဲ ၎င်း၏အမိန့်အရ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က လက်မှတ်ရေးထိုးထားပါသည်။

၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက တင်သွင်းလွှာအမှတ် (၁/၂၀၁၂) တွင် တင်သွင်းသူဘက်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ကိုလည်းကောင်း၊ ဖြေရှင်းလွှာတင်သွင်းရမည့်သူများအတွက် ပြည်ထောင်စုလွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ကိုယ်စားလှယ်အဖြစ် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ပြည်သူ့လွှတ်တော်အတွက် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာတို့ကိုလည်းကောင်း ၂၄-၂-၂၀၁၂ ရက်နေ့တွင် နှစ်ဖက်လျှောက်လဲချက်ကြားနာပြီး ၂၈-၃-၂၀၁၂ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်ခဲ့ပါသည်။

၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းနေသည်ဟု ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ယူဆခဲ့ကြပါသည်။ ထို့ကြောင့် လွှတ်တော်နှစ်ရပ်၏ ပထမအကြိမ် တတိယပုံမှန်အစည်းအဝေးများတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဆုံးဖြတ်ချက်အပေါ် တရားဝင်ဝေဖန်သုံးသပ်မှုများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပေါ် ပြစ်တင်မှုများ စတင်ဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ နှင့် ပုဒ်မ ၃၀၂ တို့အရ စွပ်စွဲပြစ်တင်ရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောထားတင်ပြခြင်း၊ အဆိုတင်သွင်းခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

၁၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ယခုအငြင်းပွားနေသော ဆုံးဖြတ်ချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးများတွင် တရားဝင်ဆွေးနွေးတင်ပြခြင်း ပြုလုပ်ခဲ့ကြပါသည်။ ထိုဆွေးနွေးချက်များအပေါ် ဆွေးနွေးခွင့်မရှိဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကလည်း ကန့်ကွက်လွှာများ ပေးပို့ခဲ့ပါသည်။ နိုင်ငံပိုင် သတင်းစာများနှင့် ပြင်ပစာစောင်များတွင်လည်း ပညာရှင်များက အမြင်အမျိုးမျိုးရေးသား ဖော်ပြခဲ့ကြ ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဆုံးဖြတ်ချက်အပေါ် မှန်၊ မမှန် အငြင်းပွားမှု၊ အမြင်မတူညီမှုများသည် တဖြည်းဖြည်း ကြီးထွားလာခဲ့ပါသည်။

၁၂။ နှစ်ဘက်အကြိမ်ကြိမ်ညှိနှိုင်းမှုများ အောင်မြင်မှုမရရှိခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်နှစ်ရပ်က စွပ်စွဲတင်ပြခြင်းနည်းလမ်းကို သုံးစွဲ ခဲ့ပါသည်။ စွပ်စွဲပြစ်တင်ရန်အဆိုကို အမျိုးသားလွှတ်တော်တွင် ၂၈-၈-၂၀၁၂ နေ့က သတ်မှတ်သော နည်းလမ်းများနှင့်အညီ အတည်ပြုပေးခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

၁၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ကို ၃၁-၈-၂၀၁၂ ရက်နေ့၊ ရက်ချိန်းတွင် ဖြေရှင်းလွှာတင်ရန် သို့မဟုတ် စစ်ဆေးခံရန် အကြောင်းကြားစာဖြင့် အသိပေးခဲ့သော်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနေဖြင့် ဖြေရှင်းလွှာတင်သွင်း ခြင်းသော်လည်းကောင်း၊ ကိုယ်တိုင်လာရောက်ဖြေရှင်းခြင်းသော်လည်းကောင်းမပြုလုပ်ဘဲ ရက်ချိန်း တောင်းခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ညွှန်ကြားရေးမှူး(စီမံ) ဦးသိန်းဝင်းအား ကိုယ်စားလှယ်အဖြစ် လွှဲအပ်ကြောင်းစာကိုသာ ဦးသိန်းဝင်းကိုယ်တိုင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးပို့ပါသည်။ ဦးသိန်းဝင်းက ၎င်းမှာစာပို့ရန်သာဖြစ်ကြောင်း၊ ကိုယ်စားစစ်ဆေးခံမည်မဟုတ်ကြောင်း တင်ပြခဲ့ပါသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌက ၃-၉-၂၀၁၂ ရက်နေ့ နံနက် ၁၀း၀၀ တွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားစစ်ဆေးမည်ဖြစ်၍ အရောက်လာရန် မှာကြားခဲ့ပါသည်။ ၃-၉-၂၀၁၂ ရက်နေ့ ရက်ချိန်းနှင့် နောက်ရက်ချိန်းများတွင်လည်း အစစ်ဆေး ခံရသူများ လာရောက်ခြင်းမရှိဘဲ စစ်ဆေးခြင်းကို ကြန့်ကြာစေရန်သာ လုပ်ဆောင်နေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခံရမည့်ပုဂ္ဂိုလ်များအား ထပ်မံ ဆင့်ခေါ်ခြင်းမပြုတော့ဘဲ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်များကို သတ်မှတ်ချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

၁၄။ ယခုစုံစမ်းစစ်ဆေးသောကိစ္စမှာ ဥပဒေရေးရာကိစ္စအပေါ် အငြင်းပွားခြင်းဖြစ်ပါတယ်။ အကြောင်းခြင်းရာအပေါ် အငြင်းပွားသောကိစ္စမဟုတ်ပါ။ ဥပဒေပြဋ္ဌာန်းချက်အပေါ် အဓိပ္ပာယ်ကောက်ယူသောကိစ္စ ဖြစ်ပါသည်။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို တည်ဆဲဥပဒေများ၊ နှစ်ဘက်ဆောင်ရွက်တင်ပြထားသည့် ဆောင်ရွက်ချက်များ၊ မှတ်တမ်းများအပေါ်တွင် အခြေခံ၍သုံးသပ်ကြရမည်ဖြစ်ပါသည်။ ကျွန်တော် ဒီလောက်ပဲ ဖတ်ကြားပြီးတော့ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ကြသာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တာဝန်ပေးအပ်ခြင်းခံရသူအား ဖတ်ကြားဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(အဖွဲ့ဝင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ ကိုယ်စား သုံးသပ်ချက်စာတမ်းကို ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သုံးသပ်ချက်

၁၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၄ အရလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကို ပုဒ်မ ၁၀၉ အရလည်းကောင်း၊ အမျိုးသားလွှတ်တော်ကို ပုဒ်မ ၁၄၁ အရလည်းကောင်း ဖွဲ့စည်းခဲ့ပါသည်။

၁၆။ ပြည်သူ့လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များဖွဲ့စည်းဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ မှ ၁၁၈ အထိ ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၁၈ (ခ) တွင် ပြည်သူ့လွှတ်တော်သည် အထက်ပါကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မရှင် သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။ အမျိုးသားလွှတ်တော်၏ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၇ မှ ၁၅၀ အထိ ပြဋ္ဌာန်းထားပါသည်။

၁၇။ ဖွဲ့စည်းထားသောလွှတ်တော်များနှင့် ယင်းတို့ကဖွဲ့စည်းပေးထားသော ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များအား သက်ဆိုင်ရာလွှတ်တော်ဥပဒေများအသီးသီး၏ ပုဒ်မ ၂ အရ ပြည်ထောင်စုအဆင့်ဟု သတ်မှတ်ထားပါသည်။ အဆိုပါ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များသည် လွှတ်တော်လုပ်ငန်း

များကိုသာ လုပ်ကိုင်ဆောင်ရွက်ရန် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့်လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်၊ တရားစီရင်ရေးတာဝန်ကိုဆောင်ရွက်ရန် ဖွဲ့စည်းခြင်းမဟုတ်သဖြင့်လည်းကောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်ပါ။ သက်ဆိုင်ရာလွှတ်တော်များက ဖွဲ့စည်းပေးထားသော ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့များသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ပိုင်ခွင့်ရှိသောကြောင့် ပြည်ထောင်စုအဆင့်ဟု သတ်မှတ်ထားခြင်းသည် လုပ်ငန်းသဘောသဘာဝအရ ညီညွတ်မှန်ကန် ပါသည်။ ပြည်ထောင်စုအဆင့်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂(စ)တွင်လည်း ကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂(ဇ) တွင် လည်းကောင်း သတ်မှတ်ပေးထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထိုသို့သတ်မှတ်ခြင်းမပြုရဟု တားမြစ်ထားသည့် ပြဋ္ဌာန်းချက်မပါကြောင်း တွေ့ရှိရပါသည်။

၁၈။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က) တွင် နိုင်ငံတော်အချုပ်အခြာအာဏာ ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်ကြောင့် အထက်ပါ ပြဋ္ဌာန်းချက်ဖြစ်သော အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်း အခြေခံမှုကို ထိခိုက်ပါသည်။ တနည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂) အရ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းဖြစ်ပါသည်။

၁၉။ ဒုတိယအချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။

(က) နိုင်ငံတော်သမ္မတ

(ခ) ပြည်ထောင်စုလွှတ်တော်နာယက

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

(င) ပြည်ထောင်စုတရားသူကြီးချုပ်

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ

၂၀။ ထို့ကြောင့် နိုင်ငံတော်သမ္မတကိုယ်စား အခြားမည်သည့်ပုဂ္ဂိုလ်ကမျှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပါ။ ခြွင်းချက်လည်း ပေးထားခြင်းမရှိပါ။ ယခုတင်သွင်းလွှာကို နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်း ရမည်ဖြစ်ပါလျက် နိုင်ငံတော်သမ္မတက မတင်သွင်းဘဲ အမိန့်အရ ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ဟု လက်မှတ်ရေးထိုး တင်သွင်းခြင်းဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုး တင်သွင်းခြင်းမဟုတ်ဘဲ ရှေ့နေချုပ်က ကိုယ်စားတင်သွင်းမှုကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လက်ခံကြားနာဆုံးဖြတ်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ (က)(၂) အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို ထိခိုက်စေပါသည်။ ထို့ပြင် ဖောက်ဖျက်ရာလည်း ရောက်ပါသည်။

၂၁။ တတိယအချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားပါလျက် ပုဒ်မ ၄၄၃ အရ ပြဋ္ဌာန်းပေးခဲ့သည့် လွှတ်တော်ဆိုင်ရာဥပဒေများကို ထည့်သွင်းစဥ်းစားမှုမပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်ပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄(က)(၂) တွင် အကျုံးဝင်သော ဖောက်ဖျက်ကျူးလွန်မှုဖြစ်ပါသည်။

၂၂။ စတုတ္ထအချက်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏တာဝန်များကို အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်းဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့၏ အခွင့်အရေးနှင့်တာဝန်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့်အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များ၊

၂၃။ တင်သွင်းလွှာပါအဆုံးအဖြတ်ခံယူလိုသော ပုဒ်မ ၃၂၂ ပုဒ်မခွဲ (က)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဟု ပြဋ္ဌာန်းထားရာ ယခုတင်သွင်းလွှာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် မည်သည့်စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန်ဟု တိတိကျကျမပါရှိသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေနှင့် ပုဒ်မ ၃၂၂ ပုဒ်မခွဲ(က)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးနိုင်ခွင့်မရှိပါ။ လွှတ်တော်ဆိုင်ရာဥပဒေများကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေများက လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းမရှိပါ။ ထို့ကြောင့် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်၏ တင်သွင်းလွှာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အဓိပ္ပာယ်ဖွင့်ဆိုခွင့်မရှိသည့် လွှတ်တော်ဆိုင်ရာ ဥပဒေများကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန် လွဲမှားစွာ တောင်းဆိုထားခြင်းဖြစ်ပါသည်။ စိစစ်ပေးရန်ဆိုပြန်လျှင်လည်း တင်သွင်းလွှာတွင်ပါရှိသော လွှတ်တော်

ဆိုင်ရာဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ပုဒ်မခွဲ(ခ) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(ခ) တို့တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသည့် ဥပဒေများမဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကပြဋ္ဌာန်းသော ဥပဒေများသာဖြစ်ပါသည်။ ယင်းဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်၊ စိစစ်ရန် လုပ်ပိုင်ခွင့်မရှိပါဘဲလျက် အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ စိစစ်ခြင်းပြုလုပ်ခဲ့သည့်အတွက် လွဲမှားစွာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၅) အရ ပေးအပ်သောတာဝန်ကို ကျေပွန်စွာမဆောင်ရွက်ရာရောက်ပါသည်။

၂၄။ ပဥ္စမအချက်အနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေများ၏ ပုဒ်မ ၂ တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စု အစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်။

၂၅။ လွှတ်တော်ဆိုင်ရာဥပဒေများ၏ နိဒါန်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းရပ်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ချောမွေ့စွာဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန်ရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် လည်းကောင်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရန်လိုအပ်လာပါသည်ဟု ဖော်ပြထားပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ

အခြေခံဥပဒေအရ လွှတ်တော်ခေါ်ယူကျင်းပရာတွင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေ ချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု အသီးသီးဖော်ပြ ထားပါသည်။

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင် အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အရဆောင်ရွက်သည်ဟု မှတ်ယူရမည်ဟုလည်းကောင်း၊ ပုဒ်မ ၄၄၆ တွင် တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟုလည်းကောင်း အသီးသီးပြဋ္ဌာန်းထားရှိပါသည်။

၂၇။ အထက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည် သည့်နေ့မတိုင်မီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များ ချောမွေ့စွာ ဆောင်ရွက်ရန် အသွင်ကူးပြောင်းရေးကာလအတွက်ရည်ရွယ်ပြီး ပြဋ္ဌာန်းခဲ့သောလွှတ်တော်ဆိုင်ရာ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေမှ တိုက်ရိုက် ဆင်းသက်လာသည့် ဆင့်ပွားဥပဒေများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိတ်အပိုင်း ဥပဒေများဖြစ်ပါသည်။ လွှတ်တော်ဆိုင်ရာဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ အရ ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မရှိသေးသည့်အတွက် တည်ဆဲဥပဒေများ ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြင့်လည်းကောင်း၊ ယင်းကိုယ်စားလှယ်များက ဦးဆောင်၍ လည်းကောင်း ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်ကြောင်း သက်ဆိုင်ရာဥပဒေများတွင် အထင်အရှားပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၂၈။ သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမဟုတ်ဟု ဆုံးဖြတ် ခြင်းမှာ မှန်ကန်စွာဆုံးဖြတ်မှုမပြုဘဲ လွဲမှားစွာဆုံးဖြတ်ခြင်းဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄

ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၅) အရ ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ရာ ရောက်ပါသည်။

ထောက်ခံတင်ပြချက်

၂၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပေါ် အမျိုးသားလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) နှင့် (၅)တို့အရ စွပ်စွဲပြစ်တင်ခြင်းသည် မှန်ကန်ထင်ရှားကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ စွပ်စွဲခံရသူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် ၈ ဦးတို့အား ယင်းရာထူးတွင် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း တွေ့ရှိရပါသောကြောင့် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂ ပုဒ်မခွဲ (ဂ) အရ ဆုံးဖြတ်ချက် ပြုနိုင်ပါရန် စုံစမ်းစစ်ဆေးရေးအဖွဲ့က ထောက်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ကျွန်တော် ဦးစောလှထွန်း အနေနဲ့သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့သော်လည်းကောင်း ထောက်ခံတင်ပြသွားပါ့မယ်။ ခုံရုံးဆုံးဖြတ်ချက်ကိုစတင်စွပ်စွဲပြစ်တင်ဖို့ ခုံရုံး၏ဆောင်ရွက်ချက်များသည် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မှုမရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမလိုက်နာခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် ၁၉၁ ဦးတို့ကစတင်တင်သွင်းခဲ့ကြပါတယ်။ ထပ်မံပြီးဒုတိယအကြိမ် ၃၀၁ ဦးတို့ကလည်းတင်သွင်းခဲ့ကြပါတယ်။ ဘာကြောင့်တင်သွင်းခဲ့ကြပါသလဲ။ ထိခိုက်လို့ တင်သွင်းခဲ့ကြတာပါ။ ဘာတွေထိခိုက်ပါသလဲ။ ပြည်သူ့အကျိုးကိုဆောင်ရွက်ဖို့ထိခိုက်ပါတယ်။ ဘယ်လိုထိခိုက်ပါသလဲ။ ယနေ့လွှတ်တော်ကိုယ်စားလှယ်များတာဝန်နှစ်ရပ်ရှိပါတယ်။ လွှတ်တော်က ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်ဖို့၊ ပြည်သူတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပြည်သူကတင်မြှောက်လိုက်ပါတယ်။ ပြည်သူ့အကျိုးကို လေနဲ့၊ ပါးစပ်နဲ့လုပ်လို့ ဖြည့်ဆည်းပေးလို့မရပါဘူး။ လောလောဆယ်လုပ်ပိုင်ခွင့်ရှိတဲ့ ပြည်ထောင်စုအစိုးရထံမှာ တင်ပြ

ပေးခြင်းဖြင့် ဆောင်ရွက်နေကြရပါတယ်။ မေးခွန်းမေးလိုက်၊ အဆိုတင်လိုက်နဲ့ မိမိတို့ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေကြပါတယ်။ လုပ်ပေးလို့ရတာတွေလည်းရှိပါတယ်။ ရခြင်း၊ မရခြင်း၊ လုပ်ပေးခြင်း၊ မပေးခြင်းသည်အရေးမကြီးပါ။ အရေးကြီးတာက များပြားလှသောနိုင်ငံ့တာဝန်ကိုထမ်းဆောင်နေကြသူများအဖို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုသာ အာရုံစူးစိုက် ဆောင်ရွက်သင့်ပါတယ်။ မြို့နယ်ပေါင်း ၃၀၀ ကျော်အတွက် အခြေခံလိုအပ်ချက်များကိုတော့ လွှတ်တော်ကိုယ်စားလှယ် အသီးသီးက ထောက်ခံဆောင်ရွက်ပေးပြီး ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းရပ်များချောမွေ့လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ ဥပဒေများအလျင်အမြန် ပြဋ္ဌာန်းပေးပြီး ခေတ်သစ်၊ စနစ်သစ်ကို ထူထောင်သွားရဖို့ အချိန်ဖြစ်တယ်လို့သုံးသပ်ရရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေများကိုပြင်ဆင်ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်မှာ တင်ပြနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီနေ့အထိ အတည်မပြုနိုင်သေးပါ။ ဘာကြောင့်အတည်မပြုနိုင်ပါသလဲ။ ခုံရုံးရဲ့ဆုံးဖြတ်ချက်က ဟန့်တားနေပါတယ်။ အခြေခံဥပဒေကိုလေးစားလိုက်နာပြီး အပြီးအပြတ်အတည်ဖြစ်သည်ဆိုသည့် ဆုံးဖြတ်ချက်ကို ကျော်ဖြတ်ရမယ့်နည်းလမ်းဟာ ခုံရုံးနှင့်ခုံရုံး၏ဆုံးဖြတ်ချက်အပေါ်ပြင်ဆင် ဆုံးဖြတ်မှသာ ချောမွေ့သွားမှာဖြစ်ပါတယ်။ ယနေ့အထိ လွှတ်တော်ကဆောင်ရွက်ချက်များသည် အခြေခံဥပဒေအရသာ ဆောင်ရွက်လျက်ရှိနေပါတယ်။ ထွင်၍၊ ချဲ့၍ဆောင်ရွက်ထားတာ မရှိပါ။ အခြေခံဥပဒေကို လေးစားလိုက်နာနေသူများကို အခြေခံဥပဒေမလိုက်နာသူများဟုသာစွပ်စွဲချက်များ၊ သိက္ခာချခြင်းများ ခံစားကြရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် အခွင့်အရေး မတောင်းဆိုပါ။ ပုဂ္ဂိုလ်ရေးလည်းမုန်းတီးမှုမရှိပါ။ ဥပဒေနှင့်အညီ နိုင်ငံတော်၏အနာဂတ်ခရီးအတွက် အခြေခံဥပဒေလမ်းကြောင်းပေါ်အတိုင်းသာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရှိလိုက်နာ စောင့်ထိန်းလျှောက်လှမ်းနေကြခြင်းဖြစ်ပါတယ်။ ထိခိုက်မှုများကြောင့် နှစ်ကြိမ်တိုင်တိုင်လက်မှတ် ရေးထိုးတင်ပြခဲ့ကြခြင်းသာဖြစ်ပါတယ်။ အခြေခံဥပဒေကိုချစ်တဲ့စိတ်၊ နိုင်ငံတော်အပေါ်ကိုချစ်တဲ့စိတ်၊ နိုင်ငံတော်သမ္မတကြီးအပေါ်ကိုချစ်တဲ့စိတ်၊ တပ်မတော်အပေါ်ချစ်တဲ့စိတ် မည်သည့်အခါမျှလျော့ပါး သွားမည်မဟုတ်ပါ။ တစ်စိတ်တစ်ဝမ်းတည်း ခရီးအတူသွားကြသူများပီပီ သမိုင်းမှတ်တမ်းအတင်ခံ နိုင်ကြစေဖို့ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့အစီရင်ခံစာကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ လွှတ်တော်အစည်းအဝေးမှာ အရေးကြီးကိစ္စဆွေးနွေးတင်ပြဖို့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက တင်ပြခွင့်ပြုတောင်းခံထားပါတယ်။ ဒီတင်ပြမှုကို လွှတ်တော်ဥက္ကဋ္ဌခွင့်ပြုတဲ့အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသန်းမြင့်(အတွင်းရေးမှူး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပြီးတော့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အတွင်းရေးမှူးလည်းဖြစ်ပါတယ်။ ယခုဆွေးနွေးမယ့်အကြောင်းအရာက ကော်မတီကိုယ်စားဆွေးနွေးတာဖြစ်ပါတယ်ခင်ဗျား။ ၂၆-၄-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၉၁ ဦးလက်မှတ်ရေးထိုးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားစွပ်စွဲပြစ်တင်ရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၁၃၆ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ သည်းခံစောင့်ဆိုင်းပါရန် ပြည်သူ့လွှတ်တော်သို့ ပထမအကြိမ်ပန်ကြားခဲ့ကြောင်း ကော်မတီအနေနဲ့တွေ့ရှိရပါတယ်။ ၈-၈-၂၀၁၂ ရက်နေ့မှာလည်း အလားတူတောင်းဆိုမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၁ တို့က လက်မှတ်ရေးထိုးပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ဒုတိယအကြိမ်ထပ်မံတင်ပြခဲ့ပါတယ်။ ဒီ ဒုတိယအကြိမ်မှာလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား သည်းခံစောင့်ဆိုင်းပေးပါရန် နိုင်ငံတော်သမ္မတကြီးထံသို့ သဝဏ်လွှာပို့ပေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သို့ပန်ကြားခဲ့ပါတယ်။ ယခုလည်း ကျန်လွှတ်တော်ကိုယ်စားလှယ်များကပါ လက်မှတ်ရေးထိုးပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ထပ်မံတင်ပြရန်စီမံနေကြောင်းသိရှိရပါတယ်။ အမျိုးသားလွှတ်တော်မှာ ၂၈-၈-၂၀၁၂ ရက်နေ့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၃၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂) နှင့် အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၅) တို့အရ စွပ်စွဲပြစ်တင်ခြင်းကိုဆောင်ရွက်ခဲ့ပြီး အဲ့ဒီနေ့မှာပဲ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇၁ နှင့် အပိုဒ် ၃၃၄ အရ ဆက်လက်အရေးယူစစ်ဆေးဆောင်ရွက်နိုင်ရန်

ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းပေးအပ်ခဲ့တာတွေ့ရှိရပါတယ်။ ဒီအထိ စွပ်စွဲပြစ်တင်ခြင်းပြုလုပ်ရန် အတွက် အရေးယူဆောင်ရွက်မှုအဆင့်ဆင့်နှင့် လွှဲပြောင်းပေးပို့ခြင်းတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်း အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက စိစစ်တွေ့ရှိရပါတယ်။ ၂၉-၈-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒဂုံမဲဆန္ဒနယ်အား ဥက္ကဋ္ဌအဖြစ်ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်းနှင့် အဲ့ဒီမှတစ်ဆင့် ဥက္ကဋ္ဌအသစ်အဖြစ် ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်အား ပြောင်းလဲတာဝန်ပေးအပ်ပြီး စုံစမ်းစစ်ဆေးစေခဲ့ပါတယ်။ ဒီကနေ့အထိ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် စစ်ဆေးဆောင်ရွက်ပုံ တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ကြောင်း ကော်မတီအနေဖြင့် စိစစ်တွေ့ရှိရ ပါတယ်။ အထက်ပါအတိုင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ဆောင်ရွက်ချက်အဆင့်ဆင့်ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရတဲ့ အပြင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း ကိစ္စများကို လွှတ်တော်သို့လက်ရှိ ယနေ့တက်ရောက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်များသာမက လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့်သက်ဆိုင်နေပါသဖြင့် လက်မှတ်ရေးထိုးထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ မှန်ကန်သောဆန္ဒနှင့် အခွင့်အရေးနစ်နာမှုမရှိစေရန်အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးမှ အထူးအလေးအနက်ထား စဥ်းစား ဆုံးဖြတ်ပေးပါရန်နှင့် လွှတ်တော်အခွင့်အရေးကော်မတီမှလည်း လက်မှတ်ရေးထိုးထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့မူရင်းစာရင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြပေးပါရန် ထပ်မံတိုက်တွန်း ကြောင်း ကော်မတီကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်အခွင့်ရေးကော်မတီဥက္ကဋ္ဌက ဆောင်ရွက်စရာရှိတာများ ရှင်းလင်းဆောင်ရွက်တင်ပြဖို့ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကြည်ညိုရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ခုန တင်ပြခဲ့တဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်များ မှန်ကန်တာတွေ့ရှိပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၄ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို

ဖောက်ဖျက်ကျူးလွန်ခြင်း၊ ပုဒ်မခွဲငယ်(၅) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်းတို့အရ စွပ်စွဲပြစ်တင်ရာတွင် သဘောတူကြောင်း လက်မှတ်ရေးထိုးထားကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၁ ဦးနဲ့ ထပ်တိုးလက်မှတ်ရေးထားတဲ့ လက်မှတ်မူရင်းများကို ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံ လက်ရောက် တင်ပြပေးအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စွပ်စွဲပြစ်တင်ခြင်း impeachment ကိစ္စဟာ လွယ်လွယ်နဲ့မပြုလုပ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းထားတာဖြစ်ပါ တယ်။ ဒီလိုကိစ္စမျိုးကိုလည်း မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်လိုခြင်း အလျဉ်းမရှိကြောင်းလည်း အားလုံးအသိပင်ဖြစ်ပါတယ်။ သို့ရာတွင် ဖြစ်ပေါ်လာတဲ့အခြေအနေ အရပ်ရပ်ကြောင့် ဘယ်လိုမှလွှဲရှောင်မရတဲ့အတွက် ဒီအခြေအနေမျိုးရောက်ရှိခဲ့တာကိုလည်း စိတ်ကောင်းဖွယ်ရာ မဟုတ်ပါဘူး။ သို့ရာတွင် မိမိတို့တွေသည် နိုင်ငံနဲ့နိုင်ငံသားများ အကျိုးစီးပွား အတွက် ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချထားတဲ့သူများ ဖြစ်တာနဲ့အညီ နိုင်ငံတော်နဲ့နိုင်ငံသားများ အကျိုးစီးပွားကို ဆောင်ရွက်ဖို့ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် လွှတ်တော် တစ်ရပ်လုံး သို့မဟုတ် လွှတ်တော်ကော်မတီ၊ ကော်မရှင်နဲ့အဖွဲ့များဟာ မိမိတို့ဆောင်ရွက်ရမယ့် တာဝန်၊ လုပ်ပိုင်ခွင့်များ ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်းတွေလည်း ရှိဖို့လိုပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက် ဆောင်ရွက်လိုကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒသဘောထားကိုလည်း မိမိတို့အလေးထားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့လွှတ်တော်ထဲမှာ အခုဆောင်ရွက်နေတဲ့ ဆောင်ရွက်မှု၊ စွပ်စွဲပြစ်တင်ခြင်းကိစ္စတွေကို မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့ နေရာမှာ အစိုးရ၏တာဝန်ခံချက်များ၊ ကတိကဝတ်များကော်မတီက တင်ပြသလို လွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးမဆုံးရှုံးစေရေးအတွက်လည်း မိမိနဲ့အတူ လွှတ်တော် ကိုယ်စားလှယ်များအားလုံးက အဆုံးအဖြတ်ဆောင်ရွက်ပေးဖို့အတွက်လည်း လိုပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ မိမိတို့သတိကြီးစွာနဲ့ အမှားအယွင်းကင်းစွာ ဆောင်ရွက်ဖို့လည်း လိုအပ်တာ ဖြစ်ပါတယ်။ ယခု မိမိထံကို လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်၊ လွှတ်တော်ရဲ့ ဒုတိယဥက္ကဋ္ဌလည်းဖြစ်တဲ့ ဦးနန္ဒကျော်စွာက လွှတ်တော်ကိုယ်စားလှယ်အသီးသီး လက်မှတ်ရေးထိုး ထားတဲ့ မူရင်းလက်မှတ်များကိုလည်း ပေးပို့တင်ပြလာတာရှိပါတယ်။ ဒီလက်မှတ်ရေးထိုးထားတဲ့

စာမျက်နှာ အသီးသီးမှာရှိတဲ့ ခေါင်းစဉ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ပုဒ်မခွဲငယ်(၅)ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်ခြင်းတို့အရ စွပ်စွဲပြစ်တင်ခြင်းပြုလုပ်ရန် သဘောတူကြပါသည်ဆိုပြီးတော့ လက်မှတ်ရေးထိုးထားတဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်။ ဒီနေ့ အမျိုးသားလွှတ်တော်က စွပ်စွဲပြစ်တင်တဲ့ ပုဒ်မများဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မခွဲငယ်(၅)တို့အရ ပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်နိုင်ခြင်း တွေ့ရှိရသလို ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပေးလိုက်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်ကလည်း အမျိုးသားလွှတ်တော်က စွပ်စွဲပြစ်တင်လိုက်တဲ့ ပုဒ်မများအတိုင်းဖြစ်သလို မိမိတို့ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုး စွပ်စွဲပြစ်တင်ထားတဲ့ပုဒ်မများနဲ့လည်း တစ်ထပ်တည်းဖြစ်နေပါတယ်။ ဒါကြောင့် ဒီလက်မှတ်ရေးထိုးထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးကလည်း ဆုံးရှုံးလို့မဖြစ်ပါဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်ကို ကတိကဝတ်နဲ့ တာဝန်ခံချက်များကော်မတီက တင်ပြသလို လွှတ်တော်ဥက္ကဋ္ဌထံ လက်မှတ်ရေးထိုးတင်ပြထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်သည် ဒီနေ့ ဆုံးဖြတ်မယ့်အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်ကို သူတို့လည်း ပါဝင်စေရမယ်ဆိုတဲ့ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကို ရယူဖို့လိုပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး မိမိထံ ခွင့်ပန်ကြားရင်းနဲ့ စွပ်စွဲပြစ်တင်မှုကိစ္စပြုလုပ်တဲ့အခါမှာ မိမိသော်လည်းကောင်း၊ မိမိပါတီသော်လည်းကောင်း လွှတ်တော်သို့ တင်ပြထားတဲ့ ရပ်တည်ချက်အတိုင်းရှိပါကြောင်း ဒီလိုလည်း မိမိထံ တင်ပြသွားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးထားတဲ့ ကိုယ်စားလှယ်များသည် ဒီနေ့ လွှတ်တော်အတွင်းမှာမရှိဘဲ အကြောင်းအမျိုးမျိုးနဲ့ ဆေးရုံတက်၊ အခြားကိစ္စများဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်များရှိပါတယ်။ သူတို့ရဲ့ လက်မှတ်ရေးထိုးတင်ပြထားချက်ကို လွှတ်တော်က လက်ခံဆောင်ရွက်ဖို့ လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန် ရှိပါသလားခင်ဗျား။ ကန့်ကွက်ရန် မရှိတဲ့အတွက် လက်မှတ်ရေးထိုးတင်ပြထားတဲ့ လွှတ်တော်အတွင်း မရောက်ရှိနေသောပုဂ္ဂိုလ်များရဲ့ ဆန္ဒများသည်လည်း ယနေ့လွှတ်တော်မှာ ဆုံးဖြတ်တဲ့အခါမှာ အကျုံးဝင်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တဖန် ဆက်လက်ပြီး ဒီနေ့ လွှတ်တော်အတွင်းမှာ အစည်းအဝေး တက်ရောက်နေကြတဲ့ ပုဂ္ဂိုလ်များရှိပါတယ်။ ဒီနေ့စာရင်းအရဆိုလို့ရှိရင် လွှတ်တော်အတွင်းမှာ အစည်းတက်ရောက်တဲ့စာရင်း ဒါသည် သက်ဆိုင်ရာကော်မတီက တင်ပြချက်နဲ့ လွှတ်တော်က အတည်ပြုချက်ဖြစ်ပါသည်။ ဒီနေ့လွှတ်တော်မှာအစည်းအဝေးတက်ရောက်တဲ့ ကိုယ်စားလှယ် ၄၀၈ ဦး ရှိပါတယ်။ စုစုပေါင်း ပြည်သူ့လွှတ်တော်မှာ ကိုယ်စားလှယ် ၄၂၉ ဦးရှိပြီးတော့ အစည်းအဝေး တက်ရောက်သူ ၄၀၈ ဦး ရှိပါတယ်။ ၄၂၉ ဦးထဲမှာ တပ်မတော်သား ကိုယ်စားလှယ် ၁၁၀ ဦး ပါဝင်တာဖြစ်ပါတယ်။ ဒီနေ့ တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦးထဲကမှ ၉ ဦး ခွင့်ယူပါတယ်။ ဒါကြောင့် တပ်မတော်သားကိုယ်စားလှယ်ဟာ ဒီနေ့ အစည်းအဝေးခန်းထဲမှာ ၁၀၁ ဦးဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဟာ ၁၀၁ ဦးမှန်မမှန်လည်း သက်ဆိုင်ရာ တပ်မတော်သား ကိုယ်စားလှယ်ရဲ့ အကြီးအကဲက ပြန်လည်တင်ပြပေးပါ။

**တပ်မတော်သားကိုယ်စားလှယ်**။ ။ ၁၀၁ ဦး မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ တပ်မတော်သားကိုယ်စားလှယ်များ ချန်လပ်ပြီး တွက်မယ်ဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၇ ဦး ဒီအခန်းထဲမှာ တက်ရောက်ပါတယ်။ ဒါကြောင့် ဒီအခန်းထဲ မှာ တက်ရောက်တဲ့ ပုဂ္ဂိုလ်များဟာလည်း မိမိလွှတ်တော်ဥက္ကဋ္ဌမှတစ်ပါး လက်မှတ်ရေးထိုးထားတဲ့ တင်ပြထားတဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့လက်မှတ်ရေးထိုးပြီး စွပ်စွဲပြစ်တင်မှု ယနေ့ပြည်သူ့လွှတ်တော်စစ်ဆေးရေးအဖွဲ့ရဲ့တင်ပြမှုအပေါ် ကန့်ကွက်လိုတဲ့လွှတ်တော် ကိုယ်စားလှယ် များရှိလျှင် လက်မှတ်ရေးထိုးပြီး လွှတ်တော်ခန်းမအတွင်း ရောက်ရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ် များက မိမိတို့ရဲ့ လက်မှတ်ရေးထိုးထားမှုကော၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ တင်ပြချက်အပေါ်ကော ကန့်ကွက်လိုသူများရှိပါက မတ်တတ်ရပ်ပေးဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ကန့်ကွက်သူမရှိတဲ့အတွက် ယနေ့ လွှတ်တော်အစည်းအဝေးခန်းမအတွင်းမှာ ရောက်ရှိနေတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၇ ဦးသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ ဆုံးဖြတ်တင်ပြချက်ကို ထောက်ခံကြောင်း ဖြစ်သည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဆုံးဖြတ်ချက်ကို လွှတ်တော်က အတည်ပြုပေးဖို့ ဖြစ်ပါတယ်။ လွှတ်တော်က သဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်က ဖွဲ့စည်းတဲ့ စစ်ဆေးရေး အစီရင်ခံစာအပေါ် ထောက်ခံသူယနေ့ အခန်းတွင်းရှိကိုယ်စားလှယ်စုစုပေါင်း ၃၀၇ ဦးဖြစ်ပြီး ၂၈၆ ဦး

သည် လွှတ်တော်ကိုယ်စားလှယ်ရဲ့ သုံးပုံနှစ်ပုံဖြစ်တဲ့အတွက် ဒီနေ့ ထောက်ခံမှုသည် ၃၀၆ ဦး လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်တွင်းရောက်ရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထောက်ခံမှုဟာ သုံးပုံနှစ်ပုံကျော်သောကြောင့် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါမယ်။]**

**အချိန်၊ ၁၄း၁၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ ထောက်ခံတင်ပြချက်ကို လွှတ်တော်ကိုယ်စားလှယ် သုံး ပုံ နှစ် ပုံကျော်က သဘောတူအတည်ပြုပြီး ဖြစ်ပါတယ်။ ဒီလိုရယူဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှိရင်းအင်အား ၄၂၉ ဦး ရှိတဲ့အနက် ယနေ့အစည်းအဝေးကို ၄၀၈ ဦး တက်ရောက်ရာတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၀၁ ဦးရှိပြီး မိမိဥက္ကဋ္ဌအပါအဝင် တက်ရောက်သော ပြည်သူ့ကိုယ်စားလှယ် ၃၀၇ ဦးရှိပါတယ်။ လွှတ်တော်မှာ ဆန္ဒရယူရာတွင် အစည်းအဝေးတက်ရောက်သော ပြည်သူ့ကိုယ်စားလှယ်အားလုံးက စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို ကန့်ကွက်သူမရှိ သဘောတူညီခဲ့ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌသည် ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီသည့်ကိစ္စတွင်သာ ဥက္ကဋ္ဌအနေဖြင့် အနိုင်မဲပေးရမှာဖြစ်လို့ ဥက္ကဋ္ဌအနေဖြင့်

မဲမပေးလျှင်ပင် ၃၀၆ မဲရရှိမှာဖြစ်လို့ ယနေ့ ဆုံးဖြတ်ချက်ကို အတည်ပြုထောက်ခံထားတဲ့ ကိုယ်စားလှယ်ဦးရေဟာ ကိုယ်စားလှယ်ဦးရေ ၄၂၉ ဦးရဲ့ သုံး ပုံ နှစ် ပုံဖြစ်သော ၂၈၆ ဦးထက် ကျော်လွန်နေတဲ့အတွက် ဒီစိစစ်ဆုံးဖြတ်ချက်ဟာ အတည်ဖြစ်ကြောင်း လွှတ်တော်သို့ ထပ်မံအသိပေး တင်ပြပါတယ်။ အကယ်၍ စွပ်စွဲပြစ်တင်ရေး ထောက်ခံလက်မှတ်ရေးထိုးထားတဲ့ ယနေ့အစည်း အဝေးမတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ် ၁၂ ဦးကိုပါ ထည့်သွင်းရေတွက်ပါက ယခုထက်ပိုမိုသော ထောက်ခံမဲရရှိမည်ဖြစ်ကြောင်းလည်း သိသာပါရန် တင်ပြပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာတင်အောင်အေး၊ ဒေါ်ခင်လှမြင့်၊ ဦးစိုးသိန်း၊ ဦးထွန်းကြည်၊ ဦးခင်ထွန်း၊ ဦးမြင့်ကြိုင်၊ ဒေါ်မိမိရီ၊ ဦးဆန်းမြင့်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၂) အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၅)ပါ ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ၎င်းတို့အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်နှစ်ရပ်က စွပ်စွဲပြစ်တင်ခြင်းသည် မှန်ကန်သည့်အတွက် အထက်ဖော်ပြပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးသည် လက်ရှိထမ်းဆောင်နေသော ရာထူးတာဝန်ကို ဆက်လက်ထမ်းဆောင်စေ ရန်မသင့်ကြောင်းဆုံးဖြတ်ချက်ကို ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခြားလွှတ်တော်ရေးရာဆောင်ရွက်ဖို့ ကြိုတင်ခွင့်တောင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ထွက်ခွာနိုင်ပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ဆောင်ရွက်ချက်များကို တင်ပြခြင်း (မေးခွန်း၊ အဆို၊ ဥပဒေကြမ်း၊ အထူးကိစ္စရပ်များ) နှင့် အားနည်းချက်၊ အားသာချက်များသုံးသပ်တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မနေ့က အဆိုကိစ္စနှင့်ပတ်သက်ပြီး မိမိ တို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည့်ပြည့်စုံစုံကြားနာပြီးမှသာ အဖြေမှန် သုံးသပ်ဖော်ထုတ် နိုင်မှာဖြစ်ကြောင်း တင်ပြခဲ့ပါတယ်။ ဒီနေ့လည်း လွှတ်တော်မှာ မေးမြန်းလာတဲ့မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်းကိစ္စများနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုတင်ပြလိုပါတယ်။ မိမိတို့ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ လက်ခံရရှိတဲ့ မေးခွန်းအရေအတွက်စုစုပေါင်း ၈၈၇ ခုဖြစ်ပါတယ်။

ကြယ်ပွင့်ပြမေးခွန်းအနေဖြင့် ၅၅၅ ခုရှိတဲ့အနက် အစိုးရရုံးသို့ပေးပို့ခဲ့တဲ့မေးခွန်း ၄၂၉ ခုရှိပါတယ်။ ယင်းတို့အနက် အသစ်ဖြစ်မေးခွန်း ၁၃၄ ခု၊ ဖြေကြားပြီးမေးခွန်း ၁၅၉ ခု၊ အစိုးရအဖွဲ့ရုံးမှ ပြန်လည်ရရန်ကျန်မေးခွန်း ၁၁၁ ခုနဲ့ လွှတ်တော်မှဆောင်ရွက်ရန် ၁ ခုဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းအနေဖြင့် မေးခွန်းအရေအတွက် စုစုပေါင်း ၄၄၃ ခုရှိတဲ့အနက် ဖြေကြားချက်ရရှိပြီးမေးခွန်း ၂၆၆ ခုရှိပြီး အဖြေမရရှိသေးသော မေးခွန်း ၁၅၉ ခုရှိပါတယ်။ ဒီနေရာမှာ မေးတဲ့မေးခွန်းတိုတိုနဲ့ ဖြေကြားမှုဟာလည်း တိုတိုပဲ ဖြေလို့ရနိုင်တဲ့ မေးခွန်းများပါရှိပါတယ်။ တချို့တချို့သော လွှတ်တော်ကိုယ်စားလှယ်များနှင့် အချို့အချို့သော ပြည်သူများက အသေးအဖွဲမေးခွန်းများကိုမေးမြန်းနေခြင်းသည် လွှတ်တော်ရဲ့ တန်ဖိုးရှိသောအချိန်များကို ဖြုန်းတီးရာရောက်တယ်လို့ ပြောဆိုဆွေးနွေးနေကြတာလည်းရှိပါတယ်။ ဒီနေ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့ဒေသ၊ မိမိရဲ့အခြေအနေအရ မိမိပတ်ဝန်းကျင်၊ မိမိလွှတ်တော်မဲဆန္ဒရှင်များရဲ့ဒေသမှာ အသေးအဖွဲလို့ယူဆသော ကျောင်းကိစ္စ၊ လမ်းကိစ္စ၊ ဆေးရုံကိစ္စကို ထိုဒေသမှာရှိတဲ့ပြည်သူများကတော့ သူတို့အတွက် ကြီးကြီးမားမား ကိစ္စများလို့ ထင်မှတ်ခံယူနေတာလည်းရှိပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိဒေသမှာရှိတဲ့ ပြည်သူများရဲ့လိုအပ်ချက်ကို လွှတ်တော်မှာတင်ပြခြင်းဟာလည်း ဒီနေ့အတွက်လိုအပ်ချက်တစ်ခုဖြစ်တယ်ဆိုတာ မိမိတို့အားလုံးက ခံယူထားဖို့လိုပါတယ်။ ဒီလိုမှမတင်ပြဘူးဆိုလို့ရှိရင် မိမိဒေသမှာ တကယ်ကိုလိုအပ်နေတဲ့၊ အခက်အခဲဖြစ်နေတဲ့ကိစ္စများ မတင်ပြတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေကလည်း သတိထားလုပ်ပေးမှာမဟုတ်ကြောင်း မိမိတို့ကိုယ်ချင်းစာလက်ခံနားထောင်ပေးဖို့လိုပါတယ်။ ဒီလိုပဲ မိမိတို့ဆီမေးတဲ့ မေးခွန်း၊ အဆိုများဟာ လွှတ်တော်ကိုယ်စားလှယ်များ ဒီနေ့သုံးစွဲနေသလို လွှတ်တော်ဥက္ကဋ္ဌကိုမေးမြန်းခြင်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကလည်း ဒီတင်ပြလာတဲ့မေးခွန်းတွေ၊ အဆိုတွေကို မေးရန်သင့်၊မသင့် ဆုံးဖြတ်ပြီးမှ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းများကို ဒီနေ့တော့ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပေးပို့နေခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ မနေ့က အဆိုကိစ္စနှင့် ဒီနေ့ပြောတဲ့မေးခွန်းကိစ္စ ပြန်ပြီးရှင်းလင်းတင်ပြတာကတော့ မေးမြန်းလာတဲ့မေးခွန်း၊ တင်သွင်းလာတဲ့အဆိုတွေဟာ မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ စိစစ်ပြီး မေးသင့်တယ်၊ အဆိုတင်သွင်းသင့်တယ်ဆိုပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများကို ပေးပို့ခဲ့ပါတယ်။ ထိုအခါမှာ သက်ဆိုင်ရာအဖွဲ့အစည်းများက မေးခွန်းများဖြေဆိုရန်အသင့်၊ အဆိုနှင့်ပတ်သက်လို့ ဆွေးနွေးရန် အသင့်ဖြစ်တဲ့ကိစ္စတွေကိုသာ နေ့စဉ်လွှတ်တော်မှာဆောင်ရွက်နေရတဲ့အစီအစဉ်များမှာ ထည့်သွင်း ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ အသင့်မဖြစ်သေးသော မေးခွန်း၊ အဆိုများအတွက်

လွှတ်တော် အစီအစဉ်ထဲမှာ ထည့်သွင်းဆောင်ရွက်လို့မရပါဘူး။ ဒါကြောင့်မို့လို့ မေးလာတဲ့မေးခွန်း၊ ဆိုလာတဲ့ အဆိုတွေကို လွှတ်တော်ထဲမှာ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ အကျေအလည်ဆွေးနွေးစေချင်ပါတယ်။ တင်ပြလာတဲ့အဆိုကို မနေ့ကစကားနဲ့ပြောမယ်ဆိုရင် ဒီမိုကရေစီအနိုင်ကျင့်မှုပြုလုပ်ပြီးတော့ မဆွေးနွေးစေရဖြစ်စေခြင်းသည် အဖြေမှန်ကိုရှာဖွေတဲ့နေရာမှာ အားလျော့ပျက်ပြယ်သွားနိုင်ပါတယ်။ ဒီလိုဆောင်ရွက်နေခြင်းဟာ လွှတ်တော်ရဲ့ အချိန်ကိုတန်ဖိုးရှိရှိအသုံးပြုနေသလို နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက် ဆွေးနွေးညှိနှိုင်းတိုင်ပင်ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်တို့ ခံယူထားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မနေ့က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးမှုအဆိုကိုတင်ပြတဲ့နေရာမှာ ဆွေးနွေးမှုနှင့်ပတ်သက်ပြီး ဒီလိုသဘောရပါတယ်။ ပြန်ပြီးတော့ ဆွေးနွေးတဲ့အခါမှာ နောက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုရဲ့ ခေါင်းစဉ်၊ အဆိုရဲ့ရည်ရွယ်ချက်ကို ဒီစကားလုံးများထပ်ဖြည့်ဆောင်ရွက်ပေးမယ်ဆိုတာ သင့်ပါတယ်လို့ ပြောပါတယ်။ ဒီနေရာမှာ မိမိပြန်ပြီးရှင်းပြချင်တာက အဲဒီလို ထပြီးတော့ ဆွေးနွေးပေးခြင်းအတွက် မိမိသဘောမတူတာမဟုတ်ပါဘူး။ ကန့်ကွက်တာမဟုတ်ပါဘူး။ မိမိသဘောတူပါတယ်။ လိုလားပါတယ်။ မိမိစိုးရိမ်တာကဘာလဲ။ တင်ပြလာတဲ့အဆိုတွေကို ကန့်ကွက်ပယ်ချလိုက်ရင် ကန့်ကွက်ပယ်ချတဲ့ဘက်ကနိုင်သွားလို့ရှိရင် ဒီအဆိုနှင့်ပတ်သက်ပြီး ဆက်လက်ဆွေးနွေးမှုမပြုနိုင်တော့ဘူးဆိုရင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေနိုင်သော ကိစ္စရပ်များ မိမိတို့ မသိရှိတဲ့အတွက် မိမိတို့ဆောင်ရွက်ရမယ့်လုပ်ငန်းတာဝန်မကျေပွန်မှာစိုးတဲ့အတွက် မိမိ ရှင်းလင်းတင်ပြခြင်းဖြစ်ခဲ့ပါတယ်။ ဒီအတိုင်းပဲ ပုထုဇဉ်ပီပီ အမှားရှိကြမှာပဲ။ အမှားဆိုတဲ့နေရာမှာလည်း ပညာရှိ သတိဖြစ်ခဲရှိသလိုပဲ တစ်ခါတစ်ခါ ဒေါသတွေ၊ မောဟတွေ လွှမ်းမိုးလာလို့ရှိရင်လည်း အမှားတွေဖြစ်ပေါ်လေ့ရှိပါတယ်။ ဒီကိစ္စမျိုးမှာ မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များမှာလည်း ရှိနိုင်တဲ့ကိစ္စမျိုးဖြစ်တဲ့အတွက် သည်းခံစိတ်ထားပြီးတော့ စိတ်ရှည်စွာဖြင့် ဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုတင်ပြခြင်းဟာ မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်ပြီး တင်ပြခြင်းဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ စိတ်ရှည်သည်းခံပြီး မိမိတို့ရဲ့ရည်မှန်းချက်၊ မိမိတို့ရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်မယ်။ ဒီလိုဖော်ဆောင်တဲ့နေရာမှာ မိမိလွှတ်တော်စတင်ကျင်းပချိန်က တင်ပြခဲ့တဲ့ ဆောင်ရွက်တဲ့နေရာမှာ ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ ဆောင်ရွက်ရဦးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း နိုင်ငံနဲ့ နိုင်ငံသားများအကျိုးစီးပွားအတွက် ဆောင်ရွက်မယ်ဆိုရင် ရဲဝံ့စွာ သတ္တိရှိရှိ ဆက်လက်ဆောင်ရွက်သွားဖို့လို

ကြောင်းလည်း တင်ပြလိုပါတယ်။ ဆက်လက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ လက်ခံရရှိတဲ့ အဆိုအရေအတွက်ပေါင်း ၁၀၈ ခုရှိကြောင်း တင်ပြလိုပါတယ်။ ၎င်းတို့အနက်မှ အစိုးရအဖွဲ့ရုံးသို့ပေးပို့ခဲ့တဲ့ အဆို ၉၆ ခုရှိပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲအဆို ၂၈ ခု၊ တင်သွင်းရန်အသင့်ဖြစ်တဲ့ အဆို ၁၅ ခုနဲ့ အစိုးရအဖွဲ့ရုံးက ရရန်ကျန်ရှိတဲ့အဆို ၉ ခုရှိပါတယ်။ တင်သွင်းခဲ့တဲ့အဆိုထဲမှ မေးခွန်းအဖြစ်သို့ပြောင်းလဲခဲ့သောအဆို ၃၁ ခုရှိပြီး ရုပ်သိမ်းအဆို ၁၄ ခုနှင့် လွှတ်တော်မှ ဆောင်ရွက်ရန်အဆို ၂ ခုဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရရင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ မပြီးပြတ်ဘဲ ကျန်ရှိနေသော ဥပဒေကြမ်း ၈ ခု၊ စတုတ္ထပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်သို့ စတင် တင်သွင်းလာသော ဥပဒေကြမ်း ၁၁ ခု၊ အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးပြီးနောက် ပေးပို့လာသော ဥပဒေကြမ်း ၁၂ ခုနှင့် အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ပြီးသော ဥပဒေကို ပြန်လည်တောင်းယူ၍ဆွေးနွေးသော ဥပဒေကြမ်း ၁ ခု၊ စုစုပေါင်း အရေအတွက်အားဖြင့် ဥပဒေကြမ်းပေါင်း ၃၂ ခု ရှိပါတယ်။ အသေးစိတ် ထပ်မံတင်ပြရရင် တတိယပုံမှန်အစည်းအဝေးက ကျန်ရှိသော ဥပဒေကြမ်း ၃ ခုထဲမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ပြီး ၁ ခု၊ ဥပဒေအဖြစ် ထုတ်ပြန်ပြီး ၁ ခု၊ ကိုယ်စားလှယ်များတင်သွင်း၍ မဲခွဲဆုံးဖြတ်ပြီး ဆက်လက်မဆွေးနွေးတော့တဲ့ ဥပဒေကြမ်း ၁ ခု၊ ကိုယ်စားလှယ်က တင်သွင်းပြီး သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများက တင်သွင်းသောဥပဒေကြမ်းနှင့် တစ်ပေါင်းတည်းဆွေးနွေးရန် ဆောင်ရွက်သောဥပဒေကြမ်း ၂ ခု၊ ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ အသစ်ပြန်လည်ဆွေးနွေးရန် ဆောင်ရွက်နေသော ဥပဒေကြမ်း ၁ ခု၊ ပြည်သူ့လွှတ်တော်၌စတင်ဆွေးနွေး၍ အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသောဥပဒေကြမ်း ၂ ခု၊ အမျိုးသားလွှတ်တော်မှ ပြန်လည်တောင်းယူ၍ ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ပြီးသော ဥပဒေကြမ်း ၁ ခုနှင့် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးရန် ဆောင်ရွက်ဆဲဥပဒေကြမ်း ၂၃ ခုရှိကြောင်း လွှတ်တော်သို့တင်ပြပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီရက်အထိ လွှတ်တော်အစည်းအဝေးကျင်းပနိုင်တဲ့ ရက်ပေါင်း ၄၀ ရှိပါတယ်။ မေးခွန်းပေါင်း ၁၆၄ ခု ဖြေနိုင်ခဲ့ပါတယ်၊ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီထဲကမှ ကတိရတဲ့ မေးခွန်းပေါင်း ၅၆ ခုရှိပါတယ်။ ကျန်ရှိတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများ လွှတ်တော်သို့ရောက်ရှိတဲ့အခါမှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ဖို့နဲ့ တချို့ ကြယ်ပွင့်ပြမေးခွန်းများသည်ပင်လျှင် ကတိဖြစ်နိုင်တဲ့မေးခွန်းများပါရှိလာနိုင်မှာဖြစ်တဲ့အတွက် ဒီလို

မေးခွန်း၊ ဒီလိုအဖြေကိုတော့ သက်ဆိုင်ရာကတိကဝတ်ကတစ်ဆင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့သွားမှာ ဖြစ်ပါတယ်။ ဒီလိုအချိန်ပေါ်မူတည်ပြီးတော့ မိမိတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒရှင်များ ပြန်လည်သိရှိနိုင်စိမ့်သောငှာ မည်သည့် လွှတ်တော်ကိုယ်စားလှယ်က မည်သည့်မေးခွန်းများ မေးခဲ့သည်ဆိုတာကိုလည်း မိမိတို့ဘက်က တတ်နိုင်တဲ့ သတင်းမီဒီယာများမှာ ထည့်ပေးဖို့စီမံထားရှိကြောင်း လွှတ်တော်သို့ တင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပမည့်နေ့ရက်အား ရှင်းလင်းတင်ပြခြင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၄၀) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးကျင်းပပြီးစီးကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့တော့ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး ဒီမှာပဲပြီးဆုံးမှာဖြစ်ပါတယ်။ လာမယ့် ပဉ္စမပုံမှန်အစည်းအဝေးကိုတော့ အောက်တိုဘာလ တတိယပတ်အစပိုင်းမှာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄ း ၃၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့ကို ၁၄း၃၀ နာရီတွင် ရပ်နားပါသည်။ ]